# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၅၂) ၊ ၁၃၈၆ ခုနှစ် ၊ ပြာသိုလပြည့်ကျော် ၇ ရက် ၊ ၂၀–၁–၂၀၂၅၊ တနင်္လာနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ (၅)ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများ အစည်းအဝေးနှင့် ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး (၅)ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**

**နေပြည်တော် ဇန်နဝါရီ ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇန်နဝါရီ ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပသော (၅)ကြိမ်မြောက် အာဆီယံ ဒစ်ဂျစ်တယ်ဝန်ကြီးများ အစည်းအဝေးနှင့် ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်စပ်အစည်းအဝေးများ (5th ASEAN Digital Ministers' Meeting-5th ADGMIN and Related Meetings with Dialogue Partners)သို့ တက်ရောက်ခဲ့ပြီး ဇန်နဝါရီ ၁၈ ရက်က မြန်မာနိုင်ငံသို့ မြန်မာအမျိုးသားလေကြောင်းဖြင့် ပြန်လည်ရောက်ရှိသည်။

(၅)ကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးများအစည်းအဝေးကို အာဆီယံဒေသတွင်း ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

**ဖွင့်လှစ်**

အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက Avani+Riverside Bangkok Hotel၌ ကျင်းပခဲ့ရာ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Paetongtarn Shinawatra က အဖွင့်အမှာစကား ပြောကြားပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ်က ယနေ့ခေတ်တွင် အွန်လိုင်းလိမ်လည်မှုများ များပြားလာလျက်ရှိပြီး ပြည်သူများအတွက် ဆိုးရွားသော အန္တရာယ်များဖြစ်စေသည့်အပေါ် စိုးရိမ်ကြောင်းနှင့် အဆိုပါကိစ္စရပ်ကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ဒေသတွင်းအတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထို့ပြင် လူမှုအသိုင်းအဝိုင်း၏ ယုံကြည်မှုကို ထိခိုက်စေသည့် သတင်းတု၊ သတင်းအမှားများကို ကာကွယ်တိုက်ဖျက်ရေးအတွက် အာဆီယံတွင်း အစီအမံများချမှတ်ဆောင်ရွက်သွားရန်နှင့် ပြည်သူများ၏ ဒစ်ဂျစ်တယ်အသိပညာမြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် ယနေ့ခေတ်တွင် Artificial Intelligent(AI) နည်းပညာဖွံ့ဖြိုး **စာမျက်နှာ ၃ သို့** ⌘

စာမျက်နှာ ၃ သို့

## အများအားဖြင့် သာယာမည်

**(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့်ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

၀–၀–၀–၀–၀

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်၊ တနင်္လာနေ့။

## ဒွေ၊ လုံ့လတို့ကို အဖော်ပြုပြီး ကြိုးစားကြပါစို့

လူတိုင်းလူတိုင်း ပညာ၊ စီးပွား၊ ဥစ္စာရှာဖွေရာ၌ အခက်အခဲပေါင်းများစွာ ကြုံရတတ်သည်။ ရှုံးနိမ့်မှုများလည်း ကြုံရမြဲဖြစ်သည်။ အရှုံးတွေနှင့် ရင်ဆိုင်ရတိုင်း ဒွေ၊ လုံ့လတို့ကို အဖော်ပြုပြီး ထပ်မံကြိုးစားရပါသည်။ ဘဝတွင် ကြုံတွေ့နေသော အခက်အခဲများကို ကျော်ဖြတ်ရာတွင် ဘဝအားမာန် ရှိရမည်ဖြစ်သည်။ ဘဝအားမာန်ကို ဒွေ၊ လုံ့လဖြင့် တည်ဆောက်ရမည်ဖြစ်သည်။ ဂျပန်စကားပုံရှိသည် ခုနစ်ကြိမ်လဲလျှင် ရှစ်ကြိမ်ထမည်ဆိုသော စကားပုံက ဒွေ၊ လုံ့လဖြင့် အခက်အခဲများကို ရင်ဆိုင်ရန် လမ်းညွှန်မှုပေးထားသည်။

လူ့ဘဝခရီးသည် အစုန်၊ အဆန် အဖန်ဖန်သွားလာနေရသော ရေစုန်၊ ရေဆန်လမ်းဟု ဆိုပါလျှင် ထိုလမ်း၏ ကြမ်းတမ်းမှုများကို ခံနိုင်ရန် ဒွေ၊ လုံ့လ၊ ဝီရိယတို့ လိုအပ်မည်ဖြစ်သည်။ လူတိုင်းလူတိုင်း မွေးဖွားစဉ်ကတည်းကလည်း ရုန်းကန်ခြင်းနှင့် ဘဝအစပျိုးခဲ့သည်။ ကလေးအရွယ်မှစတင်၍ နို့ဆာလျှင် ငိုကြွေးရသည်။ လမ်းလျှောက်တတ်ရန်အတွက် အကြိမ်ကြိမ် ကြိုးစားရသည်။ ခြေမခိုင်၍ လဲကျတိုင်း ပြန်ထရသည်။ ပညာသင်ကြားရန် ကျောင်းသို့ ရောက်ရှိသောအခါတွင်လည်း ဝလုံးလေးတစ်လုံးကိုပင် အကြိမ်ကြိမ်အရေးကျင့်ရသည်။ လူ့ဘဝသည် အတတ်ပညာကို သင်ယူရသည်။ စီးပွား၊ ဥစ္စာရှာဖွေရသည်။ တရားဘာဝနာ ကျင့်ကြံရသည်။ သင်ယူမှု ရှာဖွေမှုများဖြင့် ပြည့်နက်သော လူ့ဘဝတွင် ဒွေ၊ လုံ့လဟူသော အဖော်မပါလျှင် မည်သည့်အရာမှ မဖြစ်နိုင်ပါ။ ဒွေ၊ လုံ့လရှိသော လူ့ဘဝအတွက် အရေးပါသော ပညာကို ရရှိနိုင်မည် ဖြစ်သည်။

ထို့ပြင် ဒွေ၊ လုံ့လရှိမှသာ ဘဝ၏ ပြိုင်ပွဲတိုင်းကို အောင်မြင်မှုရရှိနိုင်မည်သာဖြစ်သည်။ ဒွေ၊ လုံ့လတို့ဖြင့် မိမိကိုယ်ကိုသာ အားပြုရသူများအနေဖြင့် အားငယ်စရာမလိုပါ။ ဒွေ၊ လုံ့လကိုသာ အဖော်မွန်အဖြစ် လက်တွဲခဲ့လျှင် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အောင်မြင်မှုသရဖူ ဆောင်းနိုင်ကြမည်ဖြစ်သည်။ ဂျပန်စကားပုံတစ်ခုကို သတိရမိသည် မိုင်ထောင်ချီခရီးကို ခြေတစ်လှမ်းဖြင့် စတင်ခြင်းဟူသော စကားပုံဖြစ်သည်။ စိတ်ဆန္ဒမစော၊ လောဘမတက်ဘဲ ဖြည်းဖြည်းနှင့် မှန်မှန်ကြိုးစားလျှင် အောင်မြင်မည် ဖြစ်သည်။

လောကတွင် အချို့က ဆင်းရဲခြင်း၊ ရှုံးနိမ့်ခြင်းတို့နှင့် ကြုံရလျှင် ကံကြမ္မာကို ယိုးမယ်ဖွဲ့တတ်ကြသည်။ ကံတရားကို အပြစ်ဖို့ကာ မိမိ၏ လုံ့လမဲ့နေမှုကို ဖုံးကွယ်ထားကြသည်။ ဒွေ၊ လုံ့လရှိသူအတွက် မအောင်မြင်သော အရာဟူ၍ မရှိပေ။ မိမိ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအပေါ်တွင် စိတ်ဝင်စားစွာလုပ်ဆောင်ရမည်ဖြစ်သည်။ စိတ်အားထက်သန်စွာ လုပ်ဆောင်ရမည်လည်းဖြစ်သည်။ ကြိုးစားလျှင် ဘဝအတွက် သတ်မှတ်ထားသည့် လုပ်ငန်းများ တဖြည်းဖြည်း တိုးတက်လာမည်ဖြစ်သည်။ ပြင်သစ်စကားပုံတစ်ခုကိုလည်း အမှတ်ရမိသေးသည်။ လုံ့လ၊ ဝီရိယသည် ကံကောင်းခြင်း၏ မိခင် ဖြစ်သည်ဟု ညွှန်းဆိုထားပြန်သည်။

သို့ဖြစ်ရာ လူတိုင်းလူတိုင်း လောကဓံတရား၏ လှည့်ဖြားမှုအောက်တွင် ဘဝသည် လင်းတစ်ခါ၊ မှောင်တစ်လှည့် ကြုံရမည်ဖြစ်သည်။ ဆင်းရဲတစ်ခါ၊ ချမ်းသာတစ်လှည့်ကိုလည်း ကြုံရမည်ဖြစ်သည်။ မည်သည့် အရာကိုပဲကြုံကြုံ ဒွေ၊ လုံ့လတို့ကိုသာ အဖော်ပြုပြီး ကြိုးစားလျှင် အောင်မြင်မှု ရရှိနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။



မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၆၂ လမ်း၊ ၂၈ လမ်း ရှိ ဓမ္မဓရဘာသဣရကောလိပ်မှ သံဃာတော် အရှင်သူမြတ်များ ဆွမ်းခံကြွတော်မူကြစဉ်။

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (၂၀၂၅-၂၀၂၇)ခုနှစ် သက်တမ်း အလုပ်အမှုဆောင်အသစ်ရွေးချယ်ပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) ၏ ၂၀၂၅-၂၀၂၇ ခုနှစ် သက်တမ်းအတွက် အလုပ်အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်ပွဲကို ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီမှ မွန်းတည့်၁၂ နာရီအထိ ချမ်းအေးသာစံမြို့နယ်၊ ၇၈ လမ်းနှင့် ၃၄ လမ်းထောင့်၊ ရတနာပုံစူပါစင်တာ၊ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ခန်းမတွင် ကျင်းပသည်။ (ယာပုံ)



ရွေးချယ်တင်မြှောက်ပွဲတွင် ၂၀၂၄ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ နှစ်စဉ်ကြေးပေးသွင်းပြီးသူ အသင်းဝင်များ တက်ရောက်ကြပြီး အသင်းဥက္ကဋ္ဌ ဦးဝင်းဌေးက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားကာ ရွေးချယ်တင်မြှောက်ပွဲကော်မရှင်မှ မဲပေးရမည့် စည်းမျဉ်းများကို ပြောကြားပြီး အသင်းဝင်များက လွတ်လပ် ပွင့်လင်းစွာ ၂၀၂၅-၂၀၂၇ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းအမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြသည်။ (ဝ၄၅)



## ပြည်ကြီးတံခွန်မြို့နယ်တွင် ပညာတန်ဆောင် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**ပြည်ကြီးတံခွန် ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ၂၀၂၅ ခုနှစ် ပညာတန်ဆောင်ရုပ်ပြ စာစီစာကုံးပြိုင်ပွဲကို ယနေ့ နံနက်၁၀နာရီက အဆိုပါမြို့နယ်ရှိ အ·လ·က(၂၁)ကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ ပညာတန်ဆောင်ရုပ်ပြ စာစီစာကုံးပြိုင်ပွဲကို မြို့နယ်ပညာရေးမှူး ဒေါ်အေးသန္တာနိုင်နှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်သန်းထွန်းတို့က အနီးကပ်ကြီးကြပ်၍ အ·လ·က (၂၁) ကျောင်းအုပ် ဆရာမကြီး ဒေါ်မာလာစိုးက ကြီးကြပ်ရေးမှူးအဖြစ် ဆောင်ရွက်ကာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်း ကျောင်းသား၊ ကျောင်းသူ (၄၉)ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် ကျောင်းသား/ကျောင်းသူ (၃)ဦးတို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးထံက သိရသည်။ (အပေါ်ပုံ)

**စိုးသီဟ(အမရ)**

## ကြက်သွန်နီအသစ်များပေါ် အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**ရေနံချောင်း ဇန်နဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်တွင် ကြက်သွန်နီများ အသစ်ပေါ်နေပြီဖြစ်ရာ အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း တောင်သူများထံက သိရသည်။

(အောက်ပုံ)

ရေနံချောင်းမြို့နယ်တွင် ကြက်သွန်နီကို ဆောင်းသီးနှံအဖြစ် အဓိကစိုက်ပျိုးကြပြီး ယခုတစ်ပတ်တွင် ဥစိုက်ကြက်သွန်နီများ နုတ်သိမ်းကြပြီး လက်ရှိကြက်သွန်နီ အရောင်းအဝယ်လိုက်နေကြောင်း၊ လပ်ရှိကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၊ ငွေကျပ် ၂၃၀၀၊ ငွေကျပ် ၂၀၀၀ ရောင်းချရကြောင်း တောင်သူအမျိုးသား တစ်ဦးထံက သိရသည်။

ရေနံချောင်းမြို့နယ်တွင် ကြက်သွန်နီဧက(၃၂၃၈)လျာထားပြီး စိုက်ပျိုးခဲ့ရာ ယမန်နေ့အထိ ဧက ၃၃၅၆ စိုက်ပျိုးပြီးစီးကာ ဧက ၆၈ ဧက ရိတ်သိမ်း (နုတ်သိမ်း)ပြီးဖြစ်ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။ (၄၇၂)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(ဝ၁ဝ၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (ဝ၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ဝ၂-၂၈၄၇၃၉၈၊ ဝ၂-၂၈၃၂၀ဝ၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-ဝ၂-၄ဝ၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက် )

## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ အသုံးချသုတေသနဌာနသို့ သွားရောက်ကြည့်ရှု

နေပြည်တော် ဇန်နဝါရီ ၁၉

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ အသုံးချသုတေသနဌာနသို့ သွားရောက်ကြည့်ရှုသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အသုံးချသုတေသနဌာန အစည်းအဝေးခန်းမ၌ သုတေသနဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့များ တူးဖော်စမ်းသပ်ရာတွင် အရေးကြီးဆုံးဖြစ်သည့် အရည်အသွေးမှန်ကန်သည့် အဖြေများရရှိရန် သုတေသနနှင့် ဓာတ်ခွဲခန်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ကြရန်၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သော "2025, the Year of Myanmar Energy" ဆောင်ပုဒ်နှင့်အညီ ယခုနှစ်အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်သည့် အနည်ကျချိုင့်ဝှမ်းနှင့် ရေနံမြေသစ်များ ရှာဖွေတွေ့ရှိနိုင်ရန် ကွင်းဆင်းလေ့လာသုတေသနပြုနိုင်ရေး သက်ဆိုင်ရာ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ တက္ကသိုလ်များနှင့်ချိတ်ဆက်ပြီး Project Base သုတေသနကျမ်းများ ထွက်ပေါ်လာရေး ဆောင်ရွက်ရန်နှင့် ယင်းမှတစ်ဆင့် Apply Research အဆင့်အထိရောက်အောင် ကြိုးစားဆောင်ရွက်ရန်လိုကြောင်း၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး စနစ်တကျ တန်ဖိုးထားကိုင်တွယ်ကြရန်၊ ဓာတ်ခွဲသုတေသနဆောင်ရွက်မှုနှင့် ပတ်သက်၍ မျိုးဆက်သစ်ဝန်ထမ်းများကို လက်ဆင့်ကမ်း လေ့ကျင့်သင်ကြားပေးရန်နှင့် နည်းပညာများမျှဝေပေးရန် လိုအပ်ကြောင်း၊ တိုးတက်နေသော နည်းပညာများကို မျက်ခြည်မပြတ် စောင့်ကြည့်လေ့လာထားရန်နှင့် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ၏ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စများအား လူမှုရေးတာဝန်သိမှု (CSR) အစီအစဉ်ဖြင့် တာဝန်ရှိသူများက လိုအပ်သလိုဆောင်ရွက်ပေးနိုင်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အသုံးချသုတေသနဌာနအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်နေမှု၊ လုပ်သားစာကြည့်တိုက်နှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (အပေါ်ပုံ)



သတင်းစဉ်

⌘ ရှေ့ဖုံးမှ

တိုးတက်လာသည်နှင့်အမျှ အာဆီယံအနေဖြင့် AI နည်းပညာကို ဒေသတွင်းအကျိုးအတွက် အပြည့်အဝ အသုံးချနိုင်စေရေး အားလုံးပါဝင်ပြီး တာဝန်ယူမှုရှိသော နည်းလမ်းများဖြင့် ကျင့်သုံးဆောင်ရွက်သွားရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

(၅)ကြိမ်မြောက် အာဆီယံ ဒစ်ဂျစ်တယ်ဝန်ကြီးများ အစည်းအဝေးကို မျက်နှာစုံညီပုံစံဖြင့် ပြုလုပ်ရာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး H.E.Prasert Jantararuangtong က သဘာပတိအဖြစ် လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Nguyen Manh Hung က ဒုတိယသဘာပတိအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးကို ဇန်နဝါရီ ၁၆ ရက်မှ ၁၇ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့ပြီး တက်ရောက်လာကြသည့် ဝန်ကြီးများက အာဆီယံဒေသအတွင်း ဒစ်ဂျစ်တယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ လုံခြုံမှု၊ တီထွင်ဆန်းသစ်မှု၊ အားလုံးပါဝင်နိုင်မှုဟူသည့် အခြေခံသဘောတရားများနှင့်အညီ အာဆီယံ၏ ဒစ်ဂျစ်တယ်အနာဂတ်ကို ဖော်ဆောင်ရန် ပူးပေါင်းဆောင်ရွက်မှုများနှင့် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

### ဆွေးနွေးပြောကြား

ထိုသို့ ဆွေးနွေးစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းအတွက် ဆောင်ရွက်ရာတွင် လုံခြုံမှု၊ ဆန်းသစ်တီထွင်မှုနှင့် အားလုံးပါဝင်နိုင်မှုဟူသည့် မူများအပေါ်အခြေခံပြီး ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများတွင် အွန်လိုင်းလိမ်လည်မှုများ တိုးတက်ဖြစ်ပေါ်လာနေသည့်အတွက် ၎င်းတို့ကို တိုက်ဖျက်ရာတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရန်၊ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုများအပါအဝင် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများကို အသုံးပြုသူများက ယုံကြည်မှုမြှင့်တင်နိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးရန်နှင့် အားလုံးပါဝင်သည့် ဒစ်ဂျစ်တယ် ချိတ်ဆက်မှုကို အကောင်အထည်ဖော်ရာတွင် အင်တာနက်နှင့် ချိတ်ဆက်အသုံးပြုနိုင်မှုကိုသာ ရည်မှန်းပြီး ဆောင်ရွက်ခြင်း မဟုတ်ဘဲ ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများမှ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများကို အဓိပ္ပာယ်ရှိရှိ အသုံးပြုနိုင်ရေးအတွက် Digital Literacy အစီအစဉ်များကိုလည်း အလေးပေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အစည်းအဝေးတွင် ၂၀၂၄ ခုနှစ်အတွင်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် စီမံကိန်းများကို ပြန်လည်သုံးသပ်ခြင်း၊ ၂၀၂၅ ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများကို အတည်ပြုခြင်း၊ စီမံကိန်းများအတွက် ဘဏ္ဍာငွေအတည်ပြုခြင်း၊ Online Scam တိုက်ဖျက်ရေး၊ ဆိုက်ဘာလုံခြုံရေးမြှင့်တင်ရေး၊ အေအိုင်ဖွံ့ဖြိုးတိုးတက်မှုစနစ်တကျဖြစ်စေရေး စသည့် အကြောင်းအရာများတွင် ပူးပေါင်းဆောင်ရွက်မည့် နည်းလမ်းများကို ဆွေးနွေးအတည်ပြုခဲ့ကြသည်။

### တက်ရောက်

ဇန်နဝါရီ ၁၆ ရက် ညပိုင်းက ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် Capella Bangkok Hotel ၌ ထိုင်းနိုင်ငံအစိုးရက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲနှင့် ASEAN Digital Awards 2025 ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ခရီးစဉ်အတွင်း အာဆီယံဝန်ကြီးများသည် ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် International Telecommunication Union(ITU)တို့နှင့် Dialogue Partners meeting အဖြစ် သီးခြားစီ တွေ့ဆုံဆွေးနွေးပြီး ဗန်ကောက်ဒစ်ဂျစ်တယ် ကြေညာစာတမ်း(Bangkok Digital Declaration) ကို အတည်ပြုထုတ်ပြန်ခဲ့ပြီး အစည်းအဝေးကို ဇန်နဝါရီ ၁၇ ရက် ညနေပိုင်းတွင် 5th ASEAN Digital Ministers' Meeting ၏ Press conference ပြုလုပ်၍ ပိတ်သိမ်းခဲ့သည်။

ဇန်နဝါရီ ၁၅ ရက် ညနေပိုင်းက ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် Anantara Riverside Bangkok Resort ၏ Ballroom ၌ ကျင်းပပြုလုပ်သည့် China-ASEAN Digital Ecosystem Cooperation Forum သို့ တက်ရောက်ပြီး နည်းပညာအသစ်များ၏ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို လည်းကောင်း၊ အဆိုပါ စိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းနိုင်မည့် နည်းလမ်းများကို လည်းကောင်း ဆွေးနွေးခဲ့သည်။

ဇန်နဝါရီ ၁၆ ရက်က ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် Ministry of Digital Economy and Society ဝန်ကြီးဌာန ဝန်ကြီး H.E. Prasert Jantararuangtong နှင့် လည်းကောင်း၊ ဇန်နဝါရီ ၁၇ ရက်က ဗီယက်နမ်နိုင်ငံ Information and Communications ဝန်ကြီးဌာန ဝန်ကြီး H.E.Nguyen Manh Hung နှင့် လည်းကောင်း သီးခြားစီ တွေ့ဆုံပြီး သတင်းအချက်အလက်ဖလှယ်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

(၅)ကြိမ်မြောက် အာဆီယံ ဒစ်ဂျစ်တယ်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံနှင့်အတူ တီမောလက်စ်တေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ အမေရိကန်နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်တို့မှ ဒစ်ဂျစ်တယ်ကဏ္ဍဆိုင်ရာ ဝန်ကြီးအဆင့်ရှိသူများ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ (Myanmar National Building Code) အကောင်အထည်ဖော်ရေးဦးစီးကော်မတီ အစည်းအဝေး(၁/၂၀၂၅) ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**

မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ(Myanmar National Building Code)အကောင်အထည်ဖော်ရေး ဦးစီးကော်မတီ အစည်းအဝေး(၁/၂၀၂၅)ကို ယနေ့တွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ရုံး Conference Room ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ အကောင်အထည်ဖော်ရေးဦးစီးကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ ရေးဆွဲပြုစုရေးဆပ်ကော်မတီနှင့် အထပ်မြင့်နှင့် အများပြည်သူသုံးအဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့တို့မှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် ပညာရှင်များ၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် အတွင်းရေးမှူးများ၊ အသင်းအဖွဲ့များနှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ(MNBC)ကို ၂၀၂၀ ပြည့်နှစ်တွင် နောက်ဆုံးပြင်ဆင်အတည်ပြုထားသည်ဖြစ်၍ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ထိထိရောက်ရောက် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် (MNBC-2020)ကို လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက်၍ MNBC-2025 အဖြစ် အတည်ပြုထုတ်ဝေလိုကြောင်း၊ ယခုအစည်းအဝေးတွင် နယ်ပယ်အလိုက် ပညာရှင်များက ဘက်စုံထောင့်စုံမှ ပါဝင်ဆွေးနွေးပေးစေလိုကြောင်း၊ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ ရေးဆွဲပြုစုရေးဆပ်ကော်မတီကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်က ဦးဆောင်၍ သက်ဆိုင်ရာ Technical Working Group အဖွဲ့ခေါင်းဆောင်များ၊ ဌာနအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပြီး ပြုစုရေးဆွဲရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ MNBC-2025 အား ၂၀၂၅ ခုနှစ် မတ်လတွင် ဖြန့်ဝေနိုင်ရေး ဆောင်ရွက်ရန်နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အသုံးချနိုင်ရန် ရည်ရွယ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မြတ်၊ မြန်မာနိုင်ငံဗိသုကာကောင်စီဥက္ကဋ္ဌ ဦးဝင်းဇော်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ငွေး၊ အထပ်မြင့်နှင့် အများပြည်သူသုံးအဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများကြီးကြပ်စစ်ဆေးရေး




ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များရေးဆွဲပြုစုရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးညွန့်မောင်စန်းတို့က လုပ်ငန်းနယ်ပယ်အလိုက် တိုးတက်ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ နည်းပညာများ၊ လိုအပ်ချက်များ ပြင်ဆင်ရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေမှု၊ ရေးဆွဲပြုစုရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြသည်။ (အပေါ်ပုံ)

ယင်းနောက် ဒေါက်တာ ညဏ်မြင့်ကျော်နှင့် ဦးစောထွေးဇော်တို့က အဆောက်အအုံများ၏ အရေးပါမှုအပေါ် Hazard Level ခွဲခြားသတ်မှတ်ခြင်း၊ အဆောက်အအုံအမျိုးအစားအလိုက် လျှော့သတ်မှတ်ချက် Risk Level နှင့် Importance Factor ခွဲခြားခြင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီးနှင့် မိတ္ထီလာခရိုင် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**မိတ္ထီလာ ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး မြေပြင်ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် ဦးရွှေဇင်နှင့် မိတ္ထီလာခရိုင် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

(ယာပုံ)



အဆိုပါတွေ့ဆုံဆွေးနွေးပွဲအခမ်းအနားတွင် တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီးဦးရွှေဇင်က မိတ္ထီလာခရိုင်အတွင်း မြေပဲ၊ နှမ်း၊ ဝါနှင့် ပဲစင်းငုံ စသည့် အဓိကစိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေး၊ စိုက်ပျိုးရေရရှိရေး၊ ဆည်ကန်များမှ စိုက်ပျိုးရေပေးဝေနိုင်ရေး၊ ပုဂ္ဂလိကကန်နှင့် အများသုံးကန်များမှ ရေရရှိရေး၊ စက်ရေတွင်းများ အသစ်တူးဖော်ရန်နှင့် စက်ရေတွင်းဟောင်းများ ပြုပြင်ရေး လိုအပ်မှုအခြေအနေများကို သက်ဆိုင်ရာဌာနများက ဆောင်ရွက်သွားရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က မြေပဲ၊ နှမ်း၊ ဝါနှင့် ပဲစင်းငုံ စိုက်ပျိုးမှုနှင့်ပတ်သက်၍ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆည်ရေပေးဝေနိုင်မှုအခြေအနေများနှင့် ဆည်ရေသောက် ဧရိယာပြင်ပ ရေပေးဝေနိုင်ရန်လိုအပ်မှုအခြေအနေများကိုလည်းကောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှု ဦးစီးဌာန(ရေအရင်းအမြစ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမိုးဦးက နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စက်ရေတွင်းများတူးဖော်နိုင်မည့်အခြေအနေနှင့် စက်ရေတွင်းသစ်များ ရေရရှိရေး ဆိုလာနှင့် ရေမြှုပ်ပန့်များရရှိနိုင်မည့် အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌများက လက်ရှိသီးနှံထွက်ရှိမှုအခြေအနေနှင့် သီးနှံများအထွက်နှုန်း တိုးရေးနှင့် စိုက်ပျိုးရေရရှိရေး ပုဂ္ဂလိက ဆည်ကန်များကို စာရင်းပြုစု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးမြေပြင်ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့ဝင်များက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(၄၅၃)

| ဂျာမန်ဘွန်ဒက်စ်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၈)အနိုင်၊ အရှုံး NGB | | | | |
|---|---|---|---|---|
| ယူနီယံဘာလင် | ၂ | - | ၁ | မိန့်ဇ် |

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၁)အနိုင်၊ အရှုံး NGB | | | | |
|---|---|---|---|---|
| ဗီအိုရင်တီးနား | ၁ | - | ၁ | တိုရီနို |
| ကယ်ဂလီယာရီ | ၄ | - | ၁ | လက်ချီ |
| ပါးမား | ၁ | - | ၁ | ဗင်နီဇီးယား |

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၈)အနိုင်၊ အရှုံး NGB | | | | |
|---|---|---|---|---|
| စိန့်အက်တီယန် | ၁ | - | ၁ | နန့်တက်စ် |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၀)အနိုင်၊ အရှုံး NGB | | | | |
|---|---|---|---|---|
| ဆဲလ်တာဗီဂို | ၁ | - | ၂ | ဘီလ်ဘာအို |
| ရီးရဲလ်မက်ဒရစ် | ၄ | - | ၁ | လာ့ပါးမက်စ် |

| ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၂)အနိုင်၊ အရှုံး NGB | | | | |
|---|---|---|---|---|
| အဲဗာတန် | ၃ | - | ၂ | စပါး |
| မန်ယူ | ၁ | - | ၃ | ဘရိုက်တန် |
| နော်တင်ဟမ် | ၃ | - | ၂ | ဆောက်သမ်တန် |

| အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၇)အနိုင်၊ အရှုံး NGB | | | | |
|---|---|---|---|---|
| လိဒ်စ် | ၃ | - | ၀ | ရှက်ဖီးလ် Wed |

# ဒေသတွင်းစိမ်းလန်းစိုပြည်ရေးနှင့် စိုက်ခင်းအမျိုးမျိုးအတွက် ပျိုးပင်မျိုးစုံပျိုးထောင်ထားရှိ

**ကျောက်ဆည် ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ဒေသတွင်းစိမ်းလန်းစိုပြည်ရေးနှင့် စိုက်ခင်းအမျိုးမျိုးအတွက် မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် မဲဇလီ၊ ဒဟတ်၊ ဖျောက်ဆိပ်၊ သဘော်ာကုက္ကို၊ ယူကလစ်၊ တမာ စသည့် ပျိုးပင်မျိုးစုံ ပျိုးထောင်ထားရှိသည်။

အပူပိုင်းစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနအနေဖြင့် ဒေသတွင်းစိမ်းလန်းစိုပြည်ရေး ရာသီဥတုကောင်းမွန်မျှတစေရန်အတွက် ယမန်နှစ်က ကျေးရွာသုံး ထင်းစိုက်ခင်း ၂၅ ဧကအတွက် ယူကလစ်ပျိုးပင် ၄၄၅၅ ပင်၊ မဲဇလီပျိုးပင် ၃၇၄၁ ပင်၊ သဘော်ာကုက္ကိုပျိုးပင် ၈၆၇၉ ပင်၊ တောင်တန်းစိုက်ခင်းဧက ၂၀ အတွက် တမာပျိုးပင် ၂၅၂၅ ပင်၊ ဖျောက်ဆိပ်ပျိုးပင် ၂၅၅၀၊ သဘော်ာကုက္ကိုပျိုးပင် ၅၀၀၀၊ တစ်အုပ်တစ်မစိုက်ခင်းနှင့် အခြားစိုက်ခင်းအတွက် မဲဇလီပျိုးပင် ၆၉၈၃ ပင်၊ ဒဟတ်ပျိုးပင် ၄၂၀၄ ပင်၊ ဖျောက်ဆိပ်ပျိုးပင် ၁၁၈၁၃ ပင်၊ သဘော်ာကုက္ကိုပျိုးပင် ၁၄၈၁၃ ပင် စုစုပေါင်း ၆၄၇၆၃ ပင် ပျိုးထောင်စိုက်ပျိုးခဲ့ကြောင်း မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

(၄၈၅)

# ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဥပဋ္ဌာကအဖွဲ့ လပတ်ပုံမှန် အစည်းအဝေးကျင်းပ



**မန္တလေး ဇန်နဝါရီ ၁၉**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ဥပဋ္ဌာကအဖွဲ့၏ လပတ်ပုံမှန်အစည်းအဝေး(၁/၂၀၂၅)ကို ဥပဋ္ဌာကအဖွဲ့ အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း၏ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကေသဝ(မွှောစရိယ၊ B.A၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ)ကြွရောက်တော်မူပြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ၊ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာအောင်ဆွေ၊ ဥပဋ္ဌာကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးချစ်ထွန်း၊ အတွင်းရေးမှူး ဦးမျိုးဝင်းနိုင်နှင့် ဥပဋ္ဌာကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပူဇော်၍ အစည်းအဝေး စတင်ဖွင့်လှစ်ကာ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်ဘဒ္ဒန္တကေသဝ(မွှောစရိယ၊ B.A၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ)က ဩဝါဒကထာ မြွက်ကြားတော်မူပြီး၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ၊ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဒေါက်တာအောင်ဆွေက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ယခင်ကျင်းပပြီးစီးခဲ့သည့် ဥပဋ္ဌာကအဖွဲ့ လပတ်ပုံမှန်အစည်းအဝေး(၉/၂၀၂၄)မှတ်တမ်းကို ရုံးအဖွဲ့မှူး ဦးမောင်မောင်ကလည်းကောင်း၊ ၂၀၂၄ ခုနှစ်(ဒီဇင်ဘာလ)အတွက် ဘဏ္ဍာရေးမှူး၏(အပ်/ထုတ်/ကျန်)ငွေစာရင်းရှင်းတမ်းနှင့် ၂၀၂၄ ခုနှစ်(ဒီဇင်ဘာလ)အတွက် (ဝင်ငွေ/ထွက်ငွေ)ငွေစာရင်းရှင်းတမ်းကို စာရင်းစစ် ဦးစိုးကြိုင်က ရှင်းလင်းတင်ပြပြီး အတည်ပြုကြသည်။

ဆက်လက်၍ ဥပဋ္ဌာကအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို အတွင်းရေးမှူး ဦးမျိုးဝင်းနိုင်က တင်ပြပြီး ဥပဋ္ဌာကအဖွဲ့ဝင်များက လုပ်ငန်းကဏ္ဍအလိုက် တင်ပြဆွေးနွေးခြင်း၊ အထွေထွေဆွေးနွေးခြင်း၊ ဆုံးဖြတ်အတည်ပြုခြင်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ကြပြီးနောက် "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(၀၅၂)

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် ဇန်နဝါရီ ၁၉**

ယနေ့မြန်မာစံတော်ချိန် ၀၂ နာရီ ၃၁ မိနစ် ၄၇ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၄၄ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ဖောင်းပြင်မြို့၏ အရှေ့မြောက်ဘက် ၁၅ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၄ ဒသမ ၄၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၉၆ ဒီဂရီ၊ အနက် ၁၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အား ရစ်(ချ်)တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## ထူးခြားသည့် ညအပူချိန်များ

၁၉-၁-၂၀၂၅

| | | |
|---|---|---|
| ဟားခါးမြို့ | ၀ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုးမြို့ | ၂ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင်မြို့ | ၃ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန်မြို့ | ၄ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| (ရှမ်းပြည်နယ်တောင်ပိုင်း) | | |
| တီးတိန်မြို့ | ၄ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်းမြို့နှင့် မိုင်းယန်းမြို့ | ၅ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင်မြို့ | ၅ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအိုမြို့ | ၆ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနားမြို့ | ၆ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |

❖ စာမျက်နှာ ၂၄ မှ

ပန်းပွဲတော်( Floral Fantasia 2024) အား ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၂ရက်အထိ သတ်မှတ်ထားရာမှ ဇန်နဝါရီလ ၁၉ ရက်နေ့ အထိ ထပ်မံတိုးမြှင့်ဖွင့်လှစ်ပေးခဲ့ရာ အပန်းဖြေလည်ပတ် လေ့လာသူများဖြင့် စည်ကားခဲ့ကြောင်း၊ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းနှင့် အထင်ကရနေရာများသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်အပန်းဖြေ အနားယူလျက်ရှိသကဲ့သို့ နေ့ထူးနေ့မြတ်ကာလများ ရက်ကြီးအခါကြီးနေ့များတွင် ပိုမိုများပြားကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၄)**









● မန္တလေးမြို့တော် သန့်ရှင်းရမည်။
● မန္တလေးမြို့တော် သာယာလှပရမည်။
● မြို့တော်နေလူထု စိတ်ချမ်းသာရမည်။
Mandalay City Development Committee
MANDALAY

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ဂုဏ်ပြုကြိုဆို



နေပြည်တော် ဇန်နဝါရီ ၁၉

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉)သို့ တက်ရောက်ရန် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်းသို့ ရောက်ရှိလာသည့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ကြိုဆိုခဲ့ကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉)ကို ဇန်နဝါရီ ၂၀ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး အဆိုပါသင်တန်းသို့ တက်ရောက်ရန် ရောက်ရှိနေသည့် နိုင်ငံ့သားကောင်းရတနာများအား စုဖွဲ့ပြင်ဆင်မှုများ၊ လိုအပ်သည့် အုပ်ချုပ်မှုကိစ္စရပ်များကို တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ခုနစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံး ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၃၆၉၀၉၅၄) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ လေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၈၁၃၅၅၁)ကို လည်းကောင်း၊ ရွာသာကြီး Dry Port ၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၉၀၉၄၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dayang CGC Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၇၄၁၃၉၀၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး၊ လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၇၃၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Howo Tractor Head တစ်စီး၊ Volvo Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၇၃၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Foton Auman Tractor Head တစ်စီး၊ Volvo Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်-ထားဝယ် ကားလမ်းပေါက်တိုင်းတံတားစစ်ဆေးရေးဂိတ်အနီး၌ မော်တော်ယာဉ် တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၀၀၀၀)နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၀၀၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇာသပြင်တံတားပူးပေါင်းစစ်ဆေးရေး (ဂျိုင်းတံတား) ဂိတ်၌ ဘားအံမြို့မှ မော်လမြိုင်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)ကိုလည်းကောင်း၊ ရဲသာ ယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



ရွာသာကြီး Dry Port ၌ ဖမ်းဆီးရမိမှု။

ယင်းအပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှု ဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း ၄၁ မျိုးနှင့် မော်တော်ဆိုင်ကယ်အပိုပစ္စည်း ရှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၅၁၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၉ မှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၇၇၉၄၉၀၅ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံး နစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၁၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇန်နဝါရီ ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Myat Noe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ရွာသစ်ကလေးကျေးရွာနေ နေလင်းထွန်းအား ညနေ ၅ နာရီခွဲတွင် မြောင်းမြမြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရွာငံမြို့နယ်၌ ခြောက်ကောင်ဂျင် လောင်းကစားပြုလုပ်သူ အမျိုးသား ၁၀ ဦးကို ဖမ်းဆီးအရေးယူထား

နေပြည်တော် ဇန်နဝါရီ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း)ရွာငံမြို့နယ်၌ ဇန်နဝါရီ ၁၇ ရက်က ခြောက်ကောင်ဂျင် လောင်းကစား ပြုလုပ်သူ အမျိုးသား ၁၀ ဦးကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၇ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ရွာငံမြို့နယ် ပွေးပြတ်ကျေးရွာအနီး ယကြီးကျေးရွာနေ သာချို (၅၀)နှစ် ပိုင်ဆိုင်သည့် တောင်ယာခင်းအတွင်း၌ ခြောက်ကောင်ဂျင် လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ရွာငံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်ဖမ်းဆီးခဲ့ရာ သာချိုပါ အမျိုးသား ၁၀ ဦးကို ခြောက်ကောင်ဂျင်လောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်း၊ လောင်းကြေးငွေများ၊ ဆိုင်ကယ် ၁၃ စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် သာချိုပါ ၁၀ ဦးကို ရွာငံမြို့မရဲစခန်း(ပ)၆/၂၀၂၅ လောင်းကစားဥပဒေပုဒ်မ ၁၅(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## Lee Byunhun က Squid Game 2 တွင် Player 001 အဖြစ်ပါဝင်ထား

ကမ္ဘာကျော်ဇာတ်လမ်း Squid Game 2 ပြသပြီးနောက် လီဗြောင်ဟွန်းက ကစားသမား 001 အဖြစ်ပါဝင်ခဲ့ပြီး ကစားသမား 456 နှင့် BLဟုရေးသားထားသည်ကို နာမည်အတိုကောက်ဟုထင်ခဲ့ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ Squid တွင်အပိုင်းတစ်က ကျစ်လျစ်မှုရှိပြီးအပိုင်းနှစ်တွင် ကစားပွဲပိုများကာ Player 001နှင့် Player 456 တို့အတွဲညီခဲ့ကြပြီး လီဗြောင်ဟွန်းနှင့် လီဂျောင်ဂျေးတို့ အထူးပါဝင်ထားရာမှ ပရိသတ်များက BL လိမ်တူချစ်သူဟုရေးသားထားသည်။

လီဗြောင်ဟွန်းက BL ဆိုသည်ကို ဗြောင်ဟွန်းနှင့်လီဂျောင်ဂျေးနာမည်အတိုကောက်ဟု ထင်နေခဲ့ကြောင်းသူတို့နှစ်ဦးမှ အသက် ၅၀ ကျော်နှင့် ဇနီး၊ ချစ်သူများရှိကြ၍ ရိုးသားစွာခင်မင်ရင်းနှီးမှုရှိခဲ့သည်။ (SKY)

## Tom Hanks အပါအဝင် ဟောလီဝုဒ် အနုပညာရှင်များ ကာလီဖိုးနီးယားတောမီးဒဏ်ခံရ

အမေရိကန်နိုင်ငံကာလီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့တွင် လောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်လွန်ခဲ့သောရက်က တောမီးကြောင့် ဟောလီဝုဒ်အနုပညာရှင်များစွာ၏ အိမ်များမီးဒဏ်ခံခဲ့ကြရာ တွမ်ဟန်စ်အိမ်လည်း ပါဝင်ခဲ့သည်ဟု ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါတောမီးဒဏ်ခံကြရသည့် အနုပညာရှင်များစာရင်းတွင် ကမ္ဘာကျော်ဟောလီဝုဒ်အနုပညာရှင်များ ဖြစ်ကြသည်။ တွမ်ဟန်စ်၊ ဒါရိုက်တာစတီဗင်စပိဘတ်၊ မိုင်လေဆိုင်းယပ် ဘန်အက်ဖလက်၊ ဂျာမီလီခရစ်၊ အန်တော်နီဟောကင်းမ်၊ ဘီလီခရစ္စတယ်၊ ဂျွန်ဂေါ့သ်မန်း၊ ဂျိမ်းစ်ဝုဒ်၊ မာရီယာရှာရီဗက်စ်တို့အိမ်များလည်း ပါဝင်ခဲ့ကြသည်။



မန်ဒီမုဒ်၊ ယူဂျင်လီ၊ မိုင်းစ်တယ်လီ၊ ပဲရစ်ဟီလတန်ဖာဂီ၊ အဒန်ဘရော့စ်၊ လိုက်တွန်မန်နီ၊ အန်နာဖီရီ၊ ဒန်နီဝါရင်တန်၊ ဟယ်ဒီမန်ဒီနှင့် ဆပန်ဆာပိရာစသည့် အနုပညာရှင်များပါဝင်ကြကာ ယင်းတောမီးကြောင့် အိမ်များ၊ ဘုရားကျောင်းများ၊ အမြောက်အမြားမီးလောင်ပျက်စီးမှုများပြားခဲ့သည့်အတွက် ကမ္ဘာတစ်ဝန်းမှ အနုပညာရှင်များက ဒေသခံများ ဘေးကင်းရန် ဆုတောင်းပေးထားကြသည်။ (SKY)

## အီးစီးကရက်ဖြတ်ရန် အကောင်းဆုံးနည်းလမ်းမှာ ဆေးလိပ်ဖြတ်ဆေးသောက်ခြင်းဖြစ်သည်ဟု ဆို




စီးကရက်သောက်ခြင်းသည် ကျန်းမာရေးကိုဆိုးရွားစွာ ထိခိုက်စေပြီးနောက်ဆုံးတွင် အသုတ်ကင်ဆာခံစားရသည်အထိ အခြေအနေဆိုးရွားလာစေနိုင်သည်။ ထိုကြောင့် စွဲလမ်းစေတတ်သော စီးကရက်ကိုဖြတ်ရန် ဆေးကုသမှုခံယူသည့်အခါ ဗရေနီကလင်းသောက်ဆေးကိုဆရာဝန်ညွှန်ကြားသည့် အတိုင်းသောက်ကြရသည်။ ယနေ့ခေတ်တွင် စီးကရက်ဖြတ်ရန် ခက်ခဲသူများအနက်မှ အချို့ကအီးစီးကရက်ကို အစားထိုးပြီးသောက်လာကြသည်။ ထိုအီးစီးကရက်ကို ယခုအခါ ဆယ်ကျော်သက်များပါမကျန် စမ်းပြီးသောက်ကြည့်ရာမှ အီးစီးကရက်စွဲသောပြဿနာပေါ်လာပြန်သည်။ အီးစီးကရက်ဖြတ်ရန် အကောင်းဆုံးနည်းလမ်းများကို အမေရိကန်ပြည်ထောင်စု မန်ဆာချူးဆက်အမ်းဟတ်စ်တက္ကသိုလ်မှ ဂျေမီဟတ်မန်းဘွိုက်စ် ဦးဆောင်သော သုတေသီများလက်တွေ့စမ်းသပ်ကြည့်ခဲ့ရာ ဗရေနီကလင်းဆေးလိပ်ဖြတ်သောက်ဆေးသောက်ခြင်းသည် အထိရောက်ဆုံးဖြစ်သည်ဟု မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။ (SCI)

## Zhao Lusi သည် အောင်မြင်မှုနှင့်ထိုက်တန်သူ ဖြစ်ကြောင်းသိရ

တရုတ်အနုပညာရှင် ကျောင်းလူဆီသည်ငယ်စဉ်ကပင်ကိုယ်အားကိုယ်ကိုးခဲ့သူဖြစ်ပြီး၊ အောင်မြင်မှုနောက်ကွယ်မှ ကြိုးစားအားထုတ်မှုများကြောင့် အောင်မြင်မှုနှင့်ထိုက်တန်သူဖြစ်ကြောင်း ဖိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကျောင်းလူဆီသည် လူလတ်တန်းစားမိသားစုမှမွေးဖွားလာသည့် တစ်ဦးတည်းသောသမီးဖြစ်ပြီး၊ အဘိုးအဘွားများကတက္ကသိုလ်မှပရော်ဖက်ဆာဖြစ်သော်လည်း၊ မိဘများထံမှ လက်ဖြန့်မတောင်းဘဲတက္ကသိုလ်တက်စဉ်က စားသောက်တန်းတွင်ဖက်ထုပ်ဆိုင်ဖွင့်ပြီး အပိုဝင်ငွေရှာခဲ့သည်။

အတန်းဖော်များကိုလည်း စီချွမ်ဒေသအစားအစာများ မကြာခဏလုပ်ကျွေးတတ်ပြီး၊ သူတတ်သည့် ပညာနှင့်ကိုယ့်ခြေပေါ်ကိုယ်ရပ်တည်၍ကြိုးစားကာ တစ်ဆင့်ချင်းတည်ဆောက်ခဲ့ရာမှ အောင်မြင်ခဲ့သူဖြစ်၍ အသက်၂၆ နှစ်နှင့် အောင်မြင်မှုနှင့် ထိုက်တန် သူဟု သတ်မှတ်ခံခဲ့ရသည်။

ကျောင်းလူဆီက သရုပ်ဆောင်တစ်ဦး မဖြစ်လျှင် ကော်ဖီဆိုင်ဖွင့်ချင်ကာ၊ အားလပ်ရက် ကော်ဖီလည်ပတ်သောက်ရသည်ကို နှစ်သက်ပြီး ကမ္ဘာအနှံ့ကော်ဖီသောက်ချင်သည့် ဆန္ဒရှိခဲ့သဖြင့် Rosy Wylie ကော်ဖီဆိုင်ကို Hengdian တွင်ဖွင့်၍ Chengdu တွင် ပြောင်းလဲဖွင့်ရန်စီစဉ်ထားသည်။ (SKY)



## Priyanka Chopra က တောမီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ မီးသတ်သမားများကို ချီးကျူးထား



ဘောလိဝုဒ်အနုပညာရှင် ပရီရန်ကာချိုပရားက အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်း လော့စ်အိန်ဂျလိဖ်တောမီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ နေ့ညမနားကြိုးစားငြိမ်းသတ်နေကြသည့် မီးသတ်သမားများကို ချီးကျူးဂုဏ်ပြု၍ ဒေသခံများ ဘေးကင်းရန်ဆုတောင်းပေးထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ပရီရန်ကာချိုပရားမှာ ဟောလိဝုဒ်အနုပညာလောကမှ ဟောလိဝုဒ်ထိ တတ်လှမ်းခဲ့သူဖြစ်ပြီး၊လက်ရှိအမေရိကန်နိုင်ငံတွင် နေထိုင်လျက်ရှိရာမှ တောမီးကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် နေ့ညမနား တောမီးကိုမီးငြိမ်းသတ်ပေးနေကြသည့် မီးသတ်သမားများကို ချီးကျူးဂုဏ်ပြုစကား ပြောကြားခဲ့သည်။

တောမီးဒဏ်ခံရသည့် ဟောလိဝုဒ်အနုပညာရှင်များနှင့် ဒေသခံများအတွက်လည်း ဆုမွန်ကောင်းတောင်းပေးထားသည်ဟု သတင်းများတွင်ဖော်ပြထားသည်။(SKY)

## Miss Agent 2 အမျိုးသမီးအက်ရှင် ဇာတ်ကြမ်းကားဖြစ်

၂၀၂၀ပြည့်နှစ်တွင် ထွက်ရှိထားသည့် Miss Agent ရုပ်ရှင် အဆက်အပိုင်းနှစ်မှာ အမျိုးသမီးအက်ရှင်ဇာတ်ကြမ်း၊ ဇာတ်ကားအကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် အထူးအေဂျင့်ဟောင်း အမျိုးသမီးတစ်ဦးက အာရှပစိဖိတ်ဒေသ၏ ငွေကြေးစနစ်ကို ဖျက်ဆီးမည့်ရန်မှ လောကကြီးကိုကယ်တင်လိုက်သည့် ဇာတ်လမ်းဖြစ်ပြီး အမျိုးသမီးအက်ရှင်ဇာတ်ကြမ်းကားဖြစ်သည်။

အတိတ်မှ ဖြစ်ရပ်ဆိုးကြောင့် အထူးအေဂျင့်အလုပ်မှထွက်၍ ချစ်သူနှင့် အိမ်ထောင်ပြုကာ သာမန်ဘဝတွင် နေထိုင်ခဲ့ရာမှ ခင်ပွန်း မှာ AI နည်းပညာရှင်ဖြစ်နေ၍ မသမာသူများပြန်ပေးဆွဲခံရပြီး ကမ္ဘာပေါ်ရှိဘဏ်များမှ ပိုက်ဆံလုပ်နိုင်ရန် AI Program ချိုးယွင်း မှုကိုအောင်မြင်နိုင်ခဲ့ခြင်းဖြစ်သည်။

ပြန်ပေးဆွဲခံရသော ခင်ပွန်းကိုကယ်တင်ရန် အမျိုးသမီးတစ်ဦးတည်းဥပဒေမဲ့နယ်မြေတွင် စွန့်စားကယ်တင်သွားမည့် အက်ရှင်ဇာတ်ကြမ်း၊ ဇာတ်ကားဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် ပရိသတ်အားပေးမှု ရရှိထားသည်။ (SKY)



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## လက်ဘနွန်နိုင်ငံတောင်ပိုင်းမှ အစ္စရေးတပ်ဖွဲ့များ ရုပ်သိမ်းပေးရန် လက်ဘနွန်သမ္မတ ဂျိုးဇက်အွန်က အစ္စရေးကို ထုတ်ဖော်တောင်းဆို

**ဘေရွတ် ဇန်နဝါရီ ၁၉**

လက်ဘနွန်နိုင်ငံတောင်ပိုင်းမှ အစ္စရေးတပ်ဖွဲ့များကို ဇန်နဝါရီ ၂၆ ရက်နောက်ဆုံးထားကာ ရုပ်သိမ်းပေးရန် လက်ဘနွန်သမ္မတ ဂျိုးဇက်အွန်က အစ္စရေးကို ထုတ်ဖော်တောင်းဆိုလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ် လက်ဘနွန်နိုင်ငံသို့ ဇန်နဝါရီ ၁၈ ရက်က အလည်အပတ်ရောက်ရှိလာကာ သမ္မတဂျိုးဇက်အွန်နှင့် တွေ့ဆုံစဉ် ယင်းကဲ့သို့ ထုတ်ဖော်တောင်းဆိုလိုက်ခြင်းဖြစ်ကြောင်း လက်ဘနွန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အစ္စရေးတပ်ဖွဲ့များ ရုပ်သိမ်းပေးမည့်နေ့ရက်ကို မိမိ သတ်မှတ်တောင်းဆိုခြင်းမဟုတ်ဘဲ ယမန်နှစ်နိုဝင်ဘာ ၂၇ ရက်က အစ္စရေးဘက်က သဘောတူညီခဲ့သည့် အစီအစဉ်ပါအတိုင်းတောင်းဆိုခြင်းသာဖြစ်သည်ဟု သမ္မတဂျိုးဇက်အွန်က ပြောကြားသည်။

အစ္စရေးနှင့် ဟစ်ဇဘိုလာ ပြောက်ကျားများအကြား နှစ်ဖက်ညှိနှိုင်းသဘောတူညီခဲ့သည့်အလျောက် အပစ်အခတ်ရပ်စဲရေးကို ကြာရှည်ထိန်းထားနိုင်ခဲ့ပြီဖြစ်ရာ အစ္စရေးတပ်ဖွဲ့များ ရုပ်သိမ်းပေးရန်အချိန်တန်နေပြီဟု မိမိလည်း ရှုမြင်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ထုတ်ဖော်ပြောကြားသည်။

သမ္မတဂျိုးဇက်အွန်၏ နိုင်ငံရေးသက်တမ်းတွင် အရှေ့အလယ်ပိုင်းဒေသ၌ လက်ဘနွန်နိုင်ငံ၏ ပြည်တွင်းရေးတိုးတက်ကောင်းမွန်ကာ အေးချမ်းတည်ငြိမ်ပြီး ပြန်လည်ဖွံ့ဖြိုးလာမည်ဟု မျှော်လင့်ကြောင်း ၎င်းက ထည့်သွင်းပြောဆိုသည်။

နှစ်နှစ်ကြာမျှ ပြည်တွင်းနိုင်ငံရေးမတည်မငြိမ်ဖြစ်ခဲ့ပြီးနောက် အဓိကနိုင်ငံရေးပါတီကြီးနှစ်ခုအကြား ဆွေးနွေးပြေလည်မှုရရှိရာမှ ဇန်နဝါရီလဆန်းတွင် စတင်အာဏာရလာသော သမ္မတဂျိုးဇက်အွန်သည် လက်ဘနွန်စစ်ဦးစီးချုပ်ဟောင်းဖြစ်ပြီး ပြည်တွင်း၌ ကုလသမဂ္ဂလုံခြုံရေးတပ်ဖွဲ့များ ချထားရန်ကိစ္စနှင့်ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်နှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **Mon**



ဂါဇာကမ်းမြောင်ဒေသ ဂါဇာမြို့မှ ကလေးသူငယ်များ ဇန်နဝါရီ ၁၉ ရက်က လမ်းပေါ်ထွက်ကာ အစ္စရေးနှင့်ဟားမတ်စ်အကြား ယာယီအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို စုဝေးထောက်ခံကြိုဆိုနေကြစဉ်။ **Mon**

## ဒေါ်နယ်လ်ထရမ့်ကိုမလိုလားသူများ ထောင်နှင့်ချီ၍စုဝေးကာ ဝါရှင်တန်၊ နယူးယောက်နှင့် ဆီယက်တဲလ်မြို့များ၌ ဆန္ဒပြ

**ဝါရှင်တန် ဇန်နဝါရီ ၁၉**

ဇန်နဝါရီ ၁၈ ရက်က ဒေါ်နယ်လ်ထရမ့်ကိုမလိုလားသူများ ထောင်နှင့်ချီ၍စုဝေးကာ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်၊ နယူးယောက်နှင့် ဆီယက်တဲလ်မြို့များ၌ ကန့်ကွက်ဆန္ဒပြခဲ့ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

၂၀၁၇ ခုနှစ်မှစတင်ပြုလုပ်ခဲ့သော အမျိုးသမီးများချီတက်ပွဲကို အသွင်ပြောင်းလဲပြီး ယင်းကန့်ကွက်ပွဲကို စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း ဦးဆောင်စီစဉ်သူတစ်ဦးက ရှင်းပြသည်။

လင်ကွန်းအောက်မေ့ဖွယ်ပန်းခြံထဲတွင် လူစုဝေးပြီးနောက် သတ်မှတ်ထားသောလမ်းများတစ်လျှောက် စီတန်းလှည့်လည်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လူအင်အား ၅၀၀၀၀ ခန့်လာရောက်လိမ့်မည်ဟု မျှော်မှန်းခဲ့သော်လည်း ထောင်ဂဏန်းအထိသာပါဝင်ခဲ့ကြောင်း အခြားပူးတွဲစီစဉ်သူများက အတည်ပြုသည်။

သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲအတွက် ဒေါ်နယ်လ်ထရမ့် ဝါရှင်တန်မြို့တော်သို့ ရောက်လာသောနေ့တွင် ထိုသို့ကန့်ကွက်ဆန္ဒပြခဲ့ခြင်းဖြစ်ပြီး စီတန်းလှည့်လည်သူများက အမျိုးသမီးအခွင့်အရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ရာသီဥတုအပြောင်းအလဲကိစ္စများတောင်းဆိုခဲ့ကြောင်း သိရသည်။ **Mon**







## အက်ပဲလ်နှင့် ဂူဂဲလ်စတိုးများထဲရှိ တစ်တော့အပလီကေးရှင်းကို အမေရိကန်သမ္မတအပြောင်းအလဲမတိုင်မီ ဖြုတ်ချပစ်လိုက်ပြီ

**ဝါရှင်တန် ဇန်နဝါရီ ၁၉**

အက်ပဲလ်နှင့် ဂူဂဲလ်စတိုးများထဲရှိ တစ်တော့အပလီကေးရှင်းကို အမေရိကန်သမ္မတအပြောင်းအလဲမတိုင်မီ ဇန်နဝါရီ ၁၈ ရက်နှောင်းပိုင်းတွင် ဖြုတ်ချပစ်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

တရုတ်အခြေစိုက် ဘိုက်ဒန့်စ်ကုမ္ပဏီက စီစဉ်ထုတ်လုပ်ကာ တစ်ကမ္ဘာလုံးရှိ အင်တာနက်လူမှုကွန်ရက်သုံးစွဲသူများထံသို့ဖြန့်ဖြူးရာမှ အထူးလူကြိုက်များလာခဲ့သော တစ်တော့လူမှုကွန်ရက်က အမေရိကန်အမျိုးသားလုံခြုံရေးကို ထိခိုက်စေသည်ဟုဆိုကာ ဥပဒေပြဋ္ဌာန်းပြီး ပိတ်ပင်တားမြစ်လိုက်ခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုရှိ လူဦးရေသန်း ၁၇၀ အနေဖြင့် တစ်တော့ကိုသာမက ဘိုက်ဒန့်စ်ကုမ္ပဏီကဖြန့်ဖြူးထားသော ကက်ကတ် ဗီဒီယိုတည်းဖြတ်ရေးအပလီကေးရှင်းနှင့် လီမွန် ၈ လူနေမှုအပလီကေးရှင်းတို့ကိုလည်း သုံးခွင့်ရတော့မည်မဟုတ်ဟု ဆိုသည်။

မိမိသမ္မတအာဏာရလာလျှင် တစ်တော့ကိစ္စ ပြန်လည်ညှိနှိုင်းပေးမည်။ ရက် ၉၀ သက်တမ်းတိုးခွင့်ရအောင် လတ်တလောကြံဆောင်ပေးနိုင်သည်ဟု ဒေါ်နယ်လ်ထရမ့်က အင်န်ဘီစီ ရုပ်မြင်သံကြားဌာနနှင့်တွေ့ဆုံခန်းတွင် ထုတ်ဖော်ပြောကြားခဲ့သဖြင့် အခြေအနေကို ဆက်လက်စောင့်ကြည့်ရဦးမည်ဖြစ်ကြောင်း သိရသည်။ **Mon**

## ဖိလစ်ပိုင်နှင့် အမေရိကန်ရေတပ်မှ စစ်သင်္ဘောများ ငါးကြိမ်မြောက် ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်

**မနီလာ ဇန်နဝါရီ ၁၉**

ဖိလစ်ပိုင်နှင့် အမေရိကန်ရေတပ်မှ စစ်သင်္ဘောများ ဇန်နဝါရီ ၁၉ ရက်က ငါးကြိမ်မြောက် ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ဖိလစ်ပိုင်ဘက်က အန်တိုနီယိုလူနာဖရီးဂိတ်သင်္ဘောဦးဆောင်သော စစ်သင်္ဘောများပါဝင်ပြီး အမေရိကန်ဘက်က ကားလ်ဗင်ဆန်တိုက်ခိုက်ရေးစစ်သင်္ဘောအုပ်စုပါဝင်ခဲ့ကြောင်း ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ထိုစစ်သင်္ဘောများနှင့်အတူ နှစ်နိုင်ငံစလုံးမှ တိုက်လေယာဉ်များနှင့် ရဟတ်ယာဉ်များလည်း ထည့်သွင်းလေ့ကျင့်ခဲ့ကြောင်း သိရသည်။ **Mon**



## အီးအယ်လ်အင်န်သူပုန်များ ပစ်ခတ်တိုက်ခိုက်နေသဖြင့် ကိုလံဘီယာနယ်စပ်ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်း



**ဘိုဂိုတာ ဇန်နဝါရီ ၁၉**

အီးအယ်လ်အင်န်သူပုန်များ ပစ်ခတ်တိုက်ခိုက်နေသဖြင့် ကိုလံဘီယာနယ်စပ်ရှိ ကာတာတမ်ဘိုပြည်နယ်ဒေသခံများ ယမန်နေ့က ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဗင်နီဇွဲလားနိုင်ငံနှင့်ထိစပ်နေသောယင်းနယ်စပ်တွင် အီးအယ်လ်အင်န်သူပုန်များနှင့် ကိုကင်းမူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းသားများအကြား တိုက်ပွဲများဖြစ်ပွားနေခြင်းဖြစ်ကြောင်း ကိုလံဘီယာအစိုးရပြောခွင့်ရသူက ဆိုသည်။

လွန်ခဲ့သော ၂၀၁၆ ခုနှစ်ကတည်းက ကိုလံဘီယာတပ်မတော်နှင့် အပစ်အခတ်ရပ်စဲထားသော အဆိုပါသူပုန်အင်အားစုသည် အဆိုပါပြည်နယ်အတွင်း ယမန်နှစ်က ပြန်လည်စုဖွဲ့လှုပ်ရှားလာခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## အီရန်နိုင်ငံ တီဟီရန်မြို့တော်တွင် ဝါရင့်တရားသူကြီး နှစ်ဦး သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းခံရ

**တီဟီရန် ဇန်နဝါရီ ၁၉**

ဇန်နဝါရီ ၁၈ ရက်က အီရန်နိုင်ငံ တီဟီရန်မြို့တော်ရှိ တရားရုံးချုပ်အဆောက်အအုံထဲတွင် ဝါရင့်တရားသူကြီးနှစ်ဦး သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်ခြင်းခံရပြီး သေနတ်သမားသည် အခင်းဖြစ်နေရာတွင်ပင် မိမိကိုယ်မိမိ အဆုံးစီရင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အသက် ၇၁ နှစ်အရွယ် အလီရာဇီနီနှင့် အသက် ၆၈ နှစ်အရွယ် မိုဟာမက်မိုဂီဆဲဟု အမည်ရသော အဆိုပါတရားသူကြီးနှစ်ဦးကို သေနတ်ကိုင်ဆောင်ထားသူတစ်ဦးက တရားရုံးချုပ်ထဲရှိ ၎င်းတို့၏ရုံခန်းထဲ အထိဝင်ရောက်ကာ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့ခြင်းဖြစ်ကြောင်း အီရန် တရားရေးဌာနပြောခွင့်ရသူ အက်စဂါဂျဟန်ဂါက ထုတ်ဖော်ပြောကြားသည်။



အီရန်နိုင်ငံတွင် လုပ်ကြံသတ်ဖြတ်မှုများဖြစ်ပွားလေ့ရှိသော်လည်း တရားသူကြီးကိုလုပ်ကြံသည့်ဖြစ်ရပ် အလွန်ရှားပါးကြောင်း ၎င်းက ရှင်းလင်းပြောပြသည်။

ကွယ်လွန်ခဲ့ရသော အဆိုပါဝါရင့်တရားသူကြီးနှစ်ဦးသည် အမျိုးသားလုံခြုံရေး၊ သူလျှိုမှုများနှင့်ပတ်သက်၍ သံသယရှိသူများကို စီရင်ချက်ချမှတ်ရသူများဖြစ်သည်။

၎င်းတို့နှစ်ဦးအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရသည်ဟု အီရန်သမ္မတက ထုတ်ဖော်ပြောကြားကာ လုပ်ကြံသတ်ဖြတ်သူနှင့် ဆက်နွှယ်ပတ်သက်သူများကို အမြန်ဆုံးဖော်ထုတ်အရေးယူရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။ **Mon**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပေးပညာပေးဟောပြောပွဲ ကျင်းပ

**သရက် ဇန်နဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့ရာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်ကျောင်း ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသားများ တက်ရောက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် သရက်မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်မှူး ရဲမှူးစန်းဦးက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေ၊ မှုခင်းဆိုင်ရာများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် သတိပြုရမည့် ရှောင်ရန်၊ ဆောင်ရန်များကို ဟောပြောပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နေမျိုးပိုင်က လူကုန်ကူးမှုဖြစ်ပေါ်လာပုံ၊ လူကုန်ကူးခံရနိုင်သူများ၊ ဖြစ်ပွားသည့် လူကုန်ကူးမှု အမျိုးအစားများနှင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်သည့် လူကုန်ကူးမှုပုံစံများ အကြောင်းတို့ကို ဟောပြောခဲ့သည်။

ထို့နောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ပြသထားသည့် လူကုန်ကူးမှုတားဆီး ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်အား ကျောင်းသားများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ဇော်ဝမ်းထွန်း(အောင်လံ)**

၀-၀-၀-၀-၀





## ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**တောင်တွင်းကြီး ဇန်နဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်း ဆပ်ကော်မတီမှ အခမဲ့ထုတ်ဝေသည့် "ကလေးအလုပ်သမား ခိုင်းစေခြင်းအား အတူတကွ တိုက်ဖျက်ကြပါစို့" ခေါင်းစဉ်ဖြင့် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ဇန်နဝါရီ ၁၈ ရက် နံနက် ၁၀ နာရီက မြို့မအခြေခံပညာအလယ်တန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါလက်ကမ်းစာစောင်တွင် ကလေးအလုပ်သမားဆိုသည်မှာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ(၂၀၁၉ ခုနှစ်) ဥပဒေပုဒ်မ ၁၀၁ (ခ)၊ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ရည်မှန်းချက် (၆)ရပ်၊ ကလေးအလုပ်သမား၏ အလုပ်ချိန် ကန့်သတ်ချက်၊ စာသင်ခန်းတွင် ပညာသင်ကြားနေကြရသည့် အရွယ်ကလေးသူငယ်များ စားဝတ်နေရေးအလို့ငှာ လုပ်ငန်းခွင်ထဲသို့ ရောက်ရှိနေကြခြင်းမှာ ကလေး၏ အနာဂတ်ကို သာမက နိုင်ငံ၏ အနာဂတ်ကိုပါ ထိခိုက်နစ်နာစေသည်။ ကလေး၊ လူရွယ်၊ လူငယ်၏အဓိပ္ပာယ်ဖော်ပြချက်၊ "ကလေး" ဆိုသည်မှာ အလုပ်လုပ်ကိုင်ရန် မှတ်ပုံတင်ဆရာဝန်ကခွင့်ပြုသည့် အသက်(၁၄)နှစ်ပြည့်ပြီး အသက်(၁၆)နှစ် မပြည့်သေးသူကို ဆိုလိုသည်။ "လူရွယ်"ဆိုသည်မှာ အသက်(၁၆)နှစ်ပြည့်ပြီး အသက်(၁၈)နှစ်မပြည့်သေးသူကို ဆိုလိုသည်။ "လူငယ်"ဆိုသည်မှာ "ကလေးနှင့် လူရွယ်"ကို ဆိုလိုသည်။

အလွန်အမင်းလေးလံသော ဝန်ချိန်ကို ခိုင်းစေခြင်းကို တားမြစ်ခြင်း၊ ငယ်ရွယ်သော ကလေးသူငယ်များ ခိုင်းစေခြင်းကို တားမြစ်ခြင်း၊ မှတ်ပုံတင်ဆရာဝန် ထောက်ခံချက် လက်မှတ်ထုတ်ပေးခြင်း၊ ကလေးများ အလုပ်လုပ်သည့် အချိန်သတ်မှတ်ခြင်း၊ ကလေးအလုပ်သမားမှတ်ပုံတင် စာအုပ်ထားရှိခြင်းနှင့် ကလေးသူငယ်များအား အဆိုးရွားဆုံးပုံစံဖြင့် စေခိုင်းခြင်း၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ စသည်ဖြင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ပညာပေးအချက်အလက်များ စုံလင်စွာပါရှိပြီး အဆိုပါပညာပေး လက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက မြို့မအခြေခံပညာအလယ်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများထံ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**နောင်နောင်(ဓိသနီးမြေ)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ကျိုက်မရောမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ပစ္စတိုသေနတ် တစ်လက် ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၉**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဇန်နဝါရီ ၁၅ ရက် ညနေ ၆ နာရီခွဲက ကျိုက်မရောမြို့နယ်၊ လက်ပံကျေးရွာနေ ဒေါ်ခလိန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၄,၀၀၀၊ ပစ္စတိုသေနတ် တစ်လက်၊ ၄င်းကျည် ၂၆ တောင့်နှင့် ကျည်အိမ် တစ်ခုတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဒေါ်ခလိန်း(၅၅)နှစ်အား ကျိုက်မရောမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*-*-*



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဇန်နဝါရီ ၁၇ ရက် ညနေ ၄ နာရီက မိုင်းဆတ်မြို့နယ်၊ လွယ်ပါရင်ကျေးရွာအနီးတွင် ကျီနူး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀,၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျီနူး(၁၉)နှစ်အား မိုင်းတွမ်းနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

**စစ်ကိုင်း ဇန်နဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ပိုးတန်းရပ်တွင် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း အန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်းကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စု (စစ်ကိုင်းမြို့)မှ ဒုတိယရဲမှူး ကျော်စိုးလွင်က ကျောင်းသား၊ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိလိုက်နာရမည့်အချက်များ၊ ဆိုင်ကယ်စီးလျှင် ဆိုင်ကယ်ဦးထုပ်ဆောင်းရန်နှင့် မေးသိုင်းကြိုးစနစ်တကျ တပ်ဆင်ရန် စသည့်များကို အသိပညာပေးဟောပြောကာ သိရှိလိုသည့် မေးမြန်းချက်များအား ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

(၀၅၇)

သင့် အသက်အန္တရာယ်ကာကွယ်ရန်အတွက်
ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပြီး
မေးသိုင်းကြိုးသေချာစွာ တပ်ပါ။



# ရာသီဥတုပြောင်းလဲခြင်းနှင့် အစိမ်းရောင် စွမ်းအင်ဆိုင်ရာ သိမှတ်ဖွယ်ရာများ



ရာသီဥတုပြောင်းလဲခြင်း၏ အခြေခံအကြောင်းတရားဖြစ်သော(ကာဗွန်ဒိုင်အောက်ဆိုဒ် အဓိကဖြစ်သည့်) ဖန်လုံအိမ်ဓာတ်ငွေ့များသည် ၁၇၅၀ ပြည့်နှစ်ခန့်မှစ၍ လေထုထဲသို့ ပုံမှန်ထက်များပြားစွာ စတင် ဝင်ရောက်ခဲ့သည်။ ယင်းသို့ဝင်ရောက်လာခြင်းမှာ လူတို့စက်ကိရိယာများ မောင်းနှင်ရန် အသုံးပြုသည့် ရုပ်ကြွင်းလောင်စာများ (ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့၊ ရေနံ)ကြောင့်ဖြစ်ကြောင်း ယုံမှားစရာမရှိဟု ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်း(အိုင်ပီစီစီ)က ၂၀၂၁ခုနှစ် ဩဂုတ် ၉ ရက်က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။ ၂၀၁၉ ခုနှစ်တွင် လေထုအတွင်း၌ ကာဗွန်ဒိုင်အောက်ဆိုဒ် ၄၁၀ ပီပီအမ် (လေထုအပုံတစ်သန်းလျှင် အပုံ ၄၁၀)၊ အခြားဖန်လုံအိမ်ဓာတ်ငွေ့များဖြစ်ကြသော မီသိန်းက ၁၈၆၆ ပီပီဘီ (လေထုအပုံသန်း ၁၀၀၀ လျှင် ၁၈၆၆ ပုံ)၊ နိုက်ထရပ်စ်အောက်ဆိုဒ်က ၃၃၂ ပီပီဘီ မျှ ရောက်ရှိနေသည်။ ယင်းပမာဏများမှာ ၁၇၅၀ ပြည့်နှစ်ကနှင့်ယှဉ်လျှင် ကာဗွန်ဒိုင်အောက်ဆိုက်က ၄၇ ရာခိုင်နှုန်း၊ မီသိန်းက ၁၅၆ ရာခိုင်နှုန်း၊ နိုက်ထရပ်စ်အောက်ဆိုဒ်က ၂၃ ရာခိုင်နှုန်း ပိုမိုများပြားလာခဲ့ခြင်း ဖြစ်သည်။

လက်ရှိအခြေအနေ၌ ကမ္ဘာ့ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုတွင် တရုတ်က ၂၇ ရာခိုင်နှုန်းဖြင့် ပထမ၊ အမေရိကန်က ၁၁ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ အိန္ဒိယက ၆ ဒသမ ၆ ရာခိုင်နှုန်းဖြင့် တတိယ နေရာလိုက်နေရာ ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေးတွင် တရုတ်နှင့်အမေရိကန်တို့က အဓိကဖြစ်နေကြောင်း တွေ့နိုင်သည်။ ယင်းနိုင်ငံများသည် ဖန်လုံအိမ်ဓာတ်ငွေ့ကြောင့် ဖြစ်ပေါ်လာသောဆိုးကျိုးများကို ကောင်းစွာ သိရှိသကဲ့သို့ ယင်းဓာတ်ငွေ့များ လျှော့ချရေးအစီအမံများကိုလည်း လုပ်ဆောင်နေကြသည်။ တရုတ်သည် ၂၀၃၀ ပြည့်နှစ်အရောက်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုအမြင့်ဆုံးသို့ ရောက်ရှိပြီး ယင်းနောက်တွင်မှ ဖြည်းဖြည်းချင်းလျှော့ချရန် ရည်မှန်းထားသည်။ မည်သည့်အတွက်ကြောင့် ဓာတ်ငွေ့ထုတ်လွှတ်မှု ချက်ချင်းမရပ်တန့်သနည်းဆိုလျှင် မိမိနိုင်ငံ၏ အကျိုးစီးပွားကို အထိခိုက်မခံနိုင်သောကြောင့် ဖြစ်သည်။ သာဓကတစ်ခုမှာ ဖန်လုံအိမ်ဓာတ်ငွေ့ အများဆုံးထုတ်လွှတ်သည့် ကျောက်မီးသွေး လောင်စာသုံးစက်ရုံ ၁၁၀၀ နီးပါး ယနေ့တရုတ်နိုင်ငံတွင် လည်ပတ်နေရာ တစ်ကမ္ဘာလုံးရှိ ကျောက်မီးသွေး လောင်စာသုံး စက်ရုံအရေအတွက်၏ ထက်ဝက်ကျော်မျှ ဖြစ်သည်။ ယင်းစက်ရုံအားလုံးကို ပိတ်၍ နေအား၊ လေအားစသည့် ပြန်ပြည့်မြဲ စွမ်းအင်သုံးစက်ရုံများနှင့် အစားထိုးရန် လက်တွေ့ဖြစ်နိုင်လျှင်သော်မှ တည်ဆောက်စရိတ်၊ လည်ပတ်စရိတ် ကြီးမားမည်။ စရိတ်ကြီးလျှင် ထုတ်လုပ်သောကုန်ပစ္စည်းများ၏ ဈေးလည်းကြီးလာမည်။ ပြည်တွင်းဝယ်လိုအား ကျဆင်းမည်။ အခြားနိုင်ငံမှ ထုတ်ကုန်ပစ္စည်းများနှင့် ယှဉ်ရောင်း၍ မရဖြစ်လာမည်။ တရုတ်၏ စီးပွားရေးကို ထိခိုက်လာမည်။ ထို့ကြောင့် ဘယ်သူဘာပြောပြော၊ ဘယ်နေရာမှာ ဘာကြီးဖြစ်နေနေ တရုတ်သည် ဖန်လုံအိမ်ဓာတ်ငွေ့ထွက်စက်ရုံများကို ဖြည်းဖြည်းချင်းသာ လျှော့ချမည်ဖြစ်သည်။ စီးပွားရေး၌သာမက နိုင်ငံအရေး ဘာအရေး ညာအရေးများတွင်လည်း မိမိအကျိုးစီးပွားသည်သာ ပထမဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာခြင်း (Global Warming) နှင့် ရာသီဥတုပြောင်းလဲလာခြင်း(Climate Change) ဆိုသည့် စကားလုံးနှစ်လုံးကို 21st Century လူသားအများစု အနည်းနဲ့အများ ကြားဖူးကြမည်ဟု ထင်ပါသည်။ ထိုသို့ကြားဖူးကြရခြင်းမှာလည်း အဆိုပါအချက်များကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များဖြစ်ကြသည့် အပူချိန်မြင့်တက်လာခြင်း၊ မိုးခေါင်ရေရှားမှုများ ပို၍ များပြားလာခြင်း၊ သဘာဝဘေးအန္တရာယ်များ ပို၍ပြင်းထန်လာခြင်းနှင့် ပင်လယ်ရေမြင့်တက်လာခြင်း အစရှိသည်တို့ကို မကြာခဏ မြင်နေ၊ ကြားနေရသောကြောင့်ပင် ဖြစ်သည်။ ယင်းသို့သော အကျိုးဆက်များကြောင့်ပင် ကမ္ဘာပေါ်ရှိလူသားများသည် Poverty, Famine and Death ဟုခေါ်သော ဆင်းရဲခြင်း၊ ဆာလောင်မွတ်သိပ်ခြင်းနှင့် သေခြင်းဟူသော ဆိုးရွားလှသည့် ဘေးဒုက္ခများကို တွေ့ကြုံခံစားလာနေရသည်မှာ လက်တွေ့ပင်ဖြစ်သည်။ ယခုလိုမျိုး ပြဿနာများကို အချိန်မီ ကမ္ဘာ့နိုင်ငံကြီးများက ဦးဆောင်၍ ဖွံ့ဖြိုးဆဲနိုင်ငံလေးများဖြင့် ပူးပေါင်းကာ မဖြေရှင်းပါက နောင်နှစ်ပေါင်းများစွာ ဒီလိုမျိုး ပြဿနာများကို တွေ့ကြုံခံစားကြရမည်ဆိုတာလည်း မလွဲဧကန်ပင် ဖြစ်သည်။

ထို့အပြင် World Meteorological Organization (WMO) ၏ အစီရင်ခံစာများအရ လာမည့် ၄ နှစ်အတွင်း(၂၀၂၀-၂၀၂၄)ခုနှစ်အတွင်းမှာ ကမ္ဘာ့၏ ပျှမ်းမျှအပူချိန် 14Cကို 1.5C လောက်အထိ မြင့်တက်လာမည်ဟု ခန့်မှန်းထားပါသည်။ ထိုသို့ မြင့်တက်လာပါက သန္တာကျောက်တန်းများနှင့် လူသားတို့၏ အစားအစာအတွက် အကျိုးပြုနေသော အင်းဆက်များ အပါအဝင် အခြားအင်းဆက်များ၏ နေထိုင်ရာ Habitat များသည် 21st Century အဆုံးတွင် ၇၀% လောက် ပျက်စီးသွားလိမ့်မည်ဟု ခန့်မှန်းထားပါသည်။ အကျိုးဆက်အနေဖြင့် ကမ္ဘာ့စားနပ်ရိက္ခာများ ရှားပါးလာလိမ့်မည် ဖြစ်သည်။ မြန်မာနိုင်ငံလိုမျိုး Developing Country အများစုပင်လျှင် Climate Change ၏ ဒဏ်ကြောင့် တစ်နှစ်ပြီးတစ်နှစ် အသေအပျောက် အလွန်များသည်ကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုရပါက ဖွံ့ဖြိုးဆဲနိုင်ငံအများစုသာလျှင် Climate Change ၏ဒဏ်ကို အလူးအလဲခံစားရမည်ဖြစ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင်မူ ကြွယ်ဝချမ်းသာ၍သော်လည်းကောင်း၊ ပညာတတ်လူမျိုးများ ပို၍များပြားသောကြောင့်သော်လည်းကောင်း၊ နည်းပညာအတတ်ပညာများ ပို၍ ထွန်းကားသောကြောင့်သော်လည်းကောင်း စသည်တို့ကြောင့်ပင် Japan လိုမျိုး နိုင်ငံတောင်လျှင် Magnitude 8 လောက် လှုပ်လျှင်သော်လည်းကောင်း ပေ ၁၈၀လောက်မြင့်သော Tsunami များတိုက်ခံရသော်လည်းကောင်း လျင်မြန်စွာ ရုန်းထနိုင်ခြင်းဖြစ်သည်။ ထိုသို့ဆိုလျှင် မြန်မာနိုင်ငံလိုမျိုး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ယခုလိုမျိုး Climate Change ၏ဒဏ်ကို ဆက်လက်ခံစားရဦးမလားဟု မေးစရာရှိပါသည်။ လုံးဝမလိုပါ။ အဘယ်ကြောင့်ဆိုသော် နည်းလမ်းတစ်ခုရှိသည်။ ထိုနည်းလမ်းမှာ Ecosystem-based Adaptation (EBA)ပင် ဖြစ်သည်။

Ecosystem-based Adaptation (EBA) ဂေဟစနစ်အရ ပြောင်းလဲနေထိုင်ခြင်းဟု ဘာသာပြန်လိုပါသည်။) ဆိုသည်မှာ ရာသီဥတုပြောင်းလဲခြင်း (Climate Change) ၏ ဒဏ်ကို ကြံ့ကြံ့ခိုင်နိုင်စေရန် အလို့ငှာ ဇီဝမျိုးစုံမျိုးကွဲများ (Biodiversity)နှင့် ဂေဟစနစ်ဝန်ဆောင်မှုများ (Ecosystem Services)ကို အသုံးပြုထားသော သဘာဝကို အခြေခံထားသည့် ဖြေရှင်းနည်း (Nature-based Solution) တစ်ခုပင်ဖြစ်သည် ဟု International Union for Conservation of Nature (IUCN) က Definition ဖွင့်ဆိုထားပါသည်။ Ecosystem-based Adaptation (EBA) ဟုဆိုသည့် စကားလုံးကိုပင် IUCN မှ ၂၀၀၈ ခုနှစ်တွင် UN Climate Change Conference ၌ စတင်အသုံးပြုခဲ့ပြီး ၂၀၀၉ ခုနှစ် UN Convention on Biological Diversity Conference တွင် အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါသည်။ EBA ၏ လုပ်ဆောင်ချက်များမှာ နိုင်ငံတစ်နိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုဒဏ်နှင့် လိုက်လျောညီထွေစွာ နေထိုင်နိုင်ရန်အတွက် Forest များ၊ Grassland များ၊ Wetland များ၊ Mangrove များနှင့် Coral reef များကဲ့သို့သော ဂေဟစနစ် (Ecosystem) များ ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲခြင်း၊ ကာကွယ်ခြင်းနှင့် ပြင်ဆင်မွမ်းမံခြင်းတို့ ပါဝင်သည်။ Ecosystem-based Adaptation(ဂေဟစနစ်အရ ပြောင်းလဲနေထိုင်ခြင်း)ဟု ခေါ်ရခြင်း အဓိကအကြောင်းအရင်းမှာ ဂေဟစနစ်ဝန်ဆောင်မှု (Ecosystem Services) များကြောင့်ပင်ဖြစ်သည်။ လူသားများသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် နည်းပညာများ၏ ကျေးဇူးကြောင့် လွန်စွာသက်သောင့်သက်သာ နေနိုင်ပေသည်။ ကျွန်တော်တို့သည် ထို့ကြောင့်ပင် သဘာဝပတ်ဝန်းကျင်ဖြင့် တဖြည်းဖြည်း အဆက်ပြတ်လာကာ Ecosystem Services များ၏ အကျိုးကျေးဇူးများ၊ တန်ဖိုးများကိုပင် မေ့လျော့လာသည်။ Ecosystem Services ဟုဆိုရာတွင် Provisioning Ecosystem Services, Regulating Ecosystem Services, Cultural Ecosystem Services နှင့် သူတို့ကို ထောက်ပံ့ပေးနေသော Supporting Ecosystem Services ဟူ၍ရှိပါသည်။ ကမ္ဘာပေါ်ရှိ သတ္တဝါတို့အပေါ်၌ပေးသော သူတို့၏ အကျိုးကျေးဇူးများမှာ အစာအာဟာရနှင့် သောက်ရေသန့်များထောက်ပံ့ပေးခြင်း၊ နေထိုင်စရာ အကာအကွယ်များပေးခြင်း၊ လူသားတို့၏ အသုံးအဆောင်ပစ္စည်းများအတွက် ကုန်ကြမ်းများ ထောက်ပံ့ပေးခြင်း၊ လူသားတို့အပန်းဖြေရန် နေရာများထောက်ပံ့ပေးခြင်း၊ ရာသီဥတုများ ပုံမှန်လည်ပတ်စေနိုင်ရန် ထိန်းသိမ်းပေးထားခြင်းနှင့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးထားခြင်း အစရှိသည်တို့ဖြစ်သည်။



ထိုသို့သော အကျိုးကျေးဇူးများသည် သဘာဝတရားကပင် လူသားများအပါအဝင် သက်ရှိသတ္တဝါများအားလုံးအတွက် အလကားပေးဆောင်နေသည်။ သို့သော် ထိုကဲ့သို့သော ဝန်ဆောင်မှုများ ဆက်လက်ရရှိစေနိုင်ရန်အတွက် မျိုးစုံသော ဂေဟစနစ်များ (Ecosystems)ကို ကျန်းမာ၊ ကြံ့ခိုင်အောင် ထားရှိရန် လိုအပ်ပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

မောင်မောင်စွယ်စုံထွန်း




# နိုင်ငံတကာ အားကစား သတင်းများ




## ဝီလီယံအား ခေါ်ယူရန် အဲဗာတန်အသင်း စီစဉ်

**လန်ဒန် ဇန်နဝါရီ ၁၉**

အဲဗာတန်အသင်းသည် အိုလံပီယာကို့စ်အသင်းနှင့် လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့် တောင်ပံကစားသမား ဝီလီယံအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၆)နှစ်အရွယ်ရှိ တောင်ပံကစားသမား ဝီလီယံသည် ကစားသမားဘဝတစ်လျှောက်တွင် ချဲလ်ဆီး၊ ဖူလ်ဟမ်၊ အိုလံပီယာကို့စ်စသည့် အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင်လည်း ကစားပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် အဲဗာတန်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

တောင်ပံကစားသမား ဝီလီယံကိုယ်တိုင်ကလည်း အဲဗာတန်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံပြီး ပရီးမီးယားလိဂ်သို့ တစ်ကျော့ပြန်လာရောက်ကစားသွားဖွယ်ရှိနေသည်။

ထို့ကြောင့် အဲဗာတန်အသင်းအနေဖြင့် အသင်းလက်မဲ့ဖြစ်နေသော ဝီလီယံအား ခေါ်ယူအားဖြည့်သွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ဝဲပုံ) (NGB)**

## အန်ဒါဟာရဲရားအား ဘိုကာဂျူနီယာအသင်း ခေါ်ယူ

**လန်ဒန် ဇန်နဝါရီ ၁၉**

အာဂျင်တီးနားကလပ် ဘိုကာဂျူနီယာအသင်းသည် ဝါရင့် ကွင်းလယ်ကစားသမားဟောင်း အန်ဒါဟာရဲရားအား ၂၀၂၆ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် မန်ချက်စတာယူနိုက်တက်၊ ပီအက်စ်ဂျီ၊ ဘီလ်ဘာအိုစသည့်ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဘိုကာဂျူနီယာအသင်းက ခေါ်ယူအားဖြည့်ခဲ့ခြင်းဖြစ်သည်။




အသက်(၃၅)နှစ်အရွယ်ရှိ အန်ဒါဟာရဲရားက "ကျွန်တော် ဘိုကာဂျူနီယာအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော်ကို နွေးထွေးစွာ ကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဘိုကာဂျူနီယာအသင်း အောင်မြင်တိုးတက်ဖို့အတွက်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(အပေါ်ပုံ) (NGB)**

## ရာပေးလ်ဟာနန်ဒက်စ်အား အငှားဖြင့် ရိန်းဂျားစ်အသင်းခေါ်ယူ

**လန်ဒန် ဇန်နဝါရီ ၁၉**

ရိန်းဂျားစ်အသင်းသည် လိုင်လီအသင်း နောက်ခံကစားသမား ရာဖေးလ်ဖာနန်ဒက်စ်အား ရာသီကုန်အထိ အငှားဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားကလည်း လိုင်လီအသင်းတွင် ပွဲထွက်ခွင့်နည်းပါးနေခြင်းကြောင့် ပွဲထွက်ခွင့်သေချာစေမည့် ရိန်းဂျားစ်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။




ရိန်းဂျားစ်အသင်းထုတ်ပြန်ချက်တွင် "ရာဖေးလ်ဖာနန်ဒက်စ်အား အငှားဖြင့် ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို ရလဒ်ကောင်းတွေရရှိအောင်စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။

**(ဝဲပုံ)**

**(NGB)**

## ဂျက်စတင်ကလွိုင်ပတ် အဝေးကွင်းပွဲစဉ် နှစ်ပွဲတွင် ဟက်ထရစ် နှစ်ကြိမ် သွင်းယူနိုင်သည့် မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်

**လန်ဒန် ဇန်နဝါရီ ၁၉**

ဘုန်းမောက်အသင်း တောင်ပံကစားသမား ဂျက်စတင်ကလွိုင်ဗတ်သည် အသင်းနှင့်အတူ အဝေးကွင်းပွဲစဉ် နှစ်ပွဲတွင် ဟက်ထရစ် နှစ်ကြိမ် သွင်းယူနိုင်သည့် မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။ **(အပေါ်ယာပုံ)**



အဆိုပါ တောင်ပံကစားသမားသည် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းက ဘုန်းမောက်အသင်းက ဝုဖ်အသင်းအား လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက်အဖိုးတန်သွင်းဂိုးလေးဂိုးစလုံးသွင်းယူခဲ့သလို၊ ယခု ယှဉ်ပြိုင်ကစားခဲ့သည့် ဘုန်းမောက်အသင်းက နယူးကာဆယ်အသင်းအား လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင်လည်း အသင်းအတွက် အဖိုးတန် သွင်းဂိုး လေးဂိုးစလုံး သွင်းယူနိုင်ခဲ့ပြီး နောက်ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

တောင်ပံကစားသမား ဂျက်စတင်ကလွိုင်ဗတ်သည် ဘုန်းမောက်အသင်းနှင့်လည်း ယခုနှစ်ဘောလုံးရာသီတွင်ပြိုင်ပွဲ စုံ ၂၃ ပွဲကစားပြီး ၁၁ ဂိုးထိ သွင်းယူထားသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဂျက်စတင်ကလွိုင်ဗတ်က "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေနဲ့ အသင်းအောင်မြင်မှုများရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(NGB)**



## အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၂) နိုင်ကမ္ဘာ

(၅) **ချဲလ်ဆီး - ဝုဖ်** (၁၈)

**ဇန်နဝါရီ ၂၁ ရက်(အင်္ဂါနေ့)**

**နံနက် ၀၂း၃၀ နာရီ**

**ပထမအကျော့ရလဒ်- ဝုဖ် ၂-၆ ချဲလ်ဆီး**

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | |
|---|---|---|---|---|---|
| ၂၀၂၁-၂၂ | ချဲလ်ဆီး | ၂-၂ | ဝုဖ် | ၀-၀ | ချဲလ်ဆီး |
| ၂၀၂၂-၂၃ | ॥ | ၁-၀ | ॥ | ၁-၀ | ॥ |
| ၂၀၂၃-၂၄ | ॥ | ၂-၄ | ॥ | ၂-၁ | ॥ |

နှစ်သင်း၏ အိမ်ကွင်း-အဝေးကွင်း ရလဒ်

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|
| ချဲလ်ဆီး(အိမ်ကွင်း) | ၁၀ | ၄ | ၄ | ၂ | ၁၇ | ၁၃ |
| ဝုဖ်(အဝေးကွင်း) | ၁၁ | ၂ | ၃ | ၆ | ၁၇ | ၂၅ |

ယခုပွဲတွင်လည်း အိမ်ရှင် ချဲလ်ဆီးကသာ အနိုင်ရရှိမည့်ပွဲ ဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲ ရလဒ်**

ချဲလ်ဆီး- သရေ၊ ရှုံး၊ ရှုံး၊ သရေ၊ သရေ ဝုဖ်- နိုင်၊ နိုင်၊ သရေ၊ ရှုံး၊ ရှုံး

## နည်းပြ နစ္စတယ်ရွိုင်း လက်စတာစီးတီးအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ

**လန်ဒန် ဇန်နဝါရီ ၁၉**

လက်စတာစီးတီးအသင်းသည် လက်ရှိအချိန် ရလဒ်များ အလွန်ဆိုးရွားနေခြင်းကြောင့် အသင်းနည်းပြ နစ္စတယ်ရွိုင်းအား ရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

လက်စတာစီးတီးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၂၂ပွဲကစားအပြီးတွင် ရမှတ် ၁၄မှတ်ဖြင့် အဆင့် ၁၉ နေရာတွင် ရပ်တည်ပြီး ရလဒ်များ အလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြ နစ္စတယ်ရွိုင်းအား ရာထူးမှ ထုတ်ပယ်သွားရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့ခြင်းဖြစ်သည်။

နည်းပြ နစ္စတယ်ရွိုင်းသည် လက်စတာစီးတီးအသင်းအား ၂၀၂၄ခုနှစ် နိုဝင်ဘာ ၂၉ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၀ပွဲတွင် ၂ပွဲနိုင်၊ ၁ပွဲသရေ၊ ၇ပွဲရှုံးဖြင့် ရလဒ်များဆိုးရွားခဲ့သည်။

ထို့ကြောင့် နည်းပြ နစ္စတယ်ရွိုင်းအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း လက်စတာစီးတီးအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စောင့်ကြည့်ရဦးမည် ဖြစ်သည်။ **(ယာပုံ)**

**(NGB)**

## စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၀)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၁-၁-၂၀၂၅ | (၅)ဗီလာရီးရဲလ် - မာယော့ကာ(၆) | ဗီလာရီးရဲလ် ၁-၁ မာယော့ကာ | ဗီလာရီးရဲလ်(အိမ်) | ၁၀ | ၆ | ၂ | ၂ | ၁၇ | ၉ |
| နံနက် ၀၂း၃၀ နာရီ | (မာယော့ကာ ၁-၂ ဗီလာရီးရဲလ်) | မာယော့ကာ ၀-၁ ဗီလာရီးရဲလ် | မာယော့ကာ(ဝေး) | ၉ | ၄ | ၃ | ၂ | ၁၃ | ၁၀ |

## ၂၀၂၄-၂၀၂၅ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၆) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(ပထမအကျော့ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|---|
| ၂၀-၁-၂၀၂၅ | ညနေ ၃း၃၀ နာရီ | (၄)ဒဂုံစတား - ဟံသာဝတီ(၂) | ဒဂုံစတား ၀-၃ ဟံသာဝတီ |
| တနင်္လာနေ့ | (ရန်ကုန်ကွင်း) | (ဟံသာဝတီ ၁-၀ ဒဂုံစတား) | ဟံသာဝတီ ၁-၀ ဒဂုံစတား |

## အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၁)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၁-၁-၂၀၂၅ | (၁၆)ကိုမို - အူဒီးနီးစ်(၉) | ကိုမို ၀-၂ အူဒီးနီးစ် | ကိုမို(အိမ်) | ၉ | ၃ | ၃ | ၃ | ၁၃ | ၁၅ |
| နံနက် ၀၂း၄၅ နာရီ | (အူဒီးနီးစ် ၁-၀ ကိုမို) | အူဒီးနီးစ် ၃-၂ ကိုမို | အူဒီးနီးစ်(ဝေး) | ၁၀ | ၃ | ၃ | ၄ | ၁၂ | ၁၅ |

## 2025 Australian Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ Carlos Alcaraz တက်ရောက်

**လန်ဒန် ဇန်နဝါရီ ၁၉**

ဩစတြေးလျနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Australian Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ စပိန်တင်းနစ်ကစားသမား Carlos Alcaraz တက်ရောက်ခဲ့သည်။



အဆိုပါ စပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2025 Australian Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ပေါ်တူဂီတင်းနစ်ကစားသမား Nuno Borges အား ၆-၂၊ ၆-၄၊ ၆-၂ ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2025 Australian Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz နှင့် ဂရိတ်ဗြိတိန်တင်းနစ်ကစားသမား Jack Draper တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**(ဝဲပုံ) (NGB)**

# ဆရာသန်းစိုးအောင်၏ ဆည်းလည်းခတ်သံ မြန်မာဝန်းကျင်ပုံပြင်များ ထွက်ရှိ

**မန္တလေး ဇန်နဝါရီ ၁၉**

ဆရာသန်းစိုးအောင်၏ ဆည်းလည်းခတ်သံ မြန်မာဝန်းကျင်ပုံပြင်များစာအုပ်ကို လင်းသန့်စာပေမှ ၂၀၂၅ ဇန်နဝါရီလတွင် ပထမအကြိမ်အဖြစ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်သည် ဆရာသန်းစိုးအောင်၏ မောင်တို့မြန်မာပြည်စာစဉ်အမှတ်(၁၈)အဖြစ် ထွက်ရှိလာခြင်းဖြစ်ပြီး စာရေးသူ၏ ဆန္ဒမွန်အမှာစာနှင့်အတူ ပုံပြင် ၂၄ ပုဒ် စုစည်းထားသည်။

စာအုပ်တွင် အရပ်ံမောင်စိန်၊ နတ်ပြည်နှင့်တူသော နိုင်ငံ၊ ကိုရင်ကလေးရဲ့ စိတ်ကူး၊ သက်ငယ်ခြောက်ပျစ်၊ ယုန်ပျင်းကလေးမောင်ဆိုးပေ၊ အဘယကုမ္မာ၊ သူဌေးမင်းငပျင်း၊ ရိုးအလွန်းသူ၊ ကျောက်နွားလမ်း၊ ပညာရဲရင့်ပွဲလယ်တင့်သူ၊ မောင်ချတက်(သို့မဟုတ်)လမင်းနှင့် ကစားလိုသူ၊ သေချာလွန်းခဲ့ပြီ၊ ပျောက်ဆုံးသွားသော ရွှေသမင်၊ မောင်စဉ၊ ဝါသနာကြောင့် အသက်ပေးလိုက်ရသောဘုရင်၊ သခင်အစ၊ ပညာရှိမျောက်ကြီး၊ ကားကြောက်သောနွား၊ ငါးများသောရဟန်း၊ မျက်စိတစ်ဖက်လပ်နဲ့လူ၊ မိန်းမတို့မနော၊ ရေကန်စောင့်ဘီလူး၊ ဗိုလ်ခေါင်းကြီး သို့မဟုတ် အမိမြေက သူ့ရဲကောင်း၊ ပုတ်ထဲဝင်၍ မျက်မှန်တပ်ချင်သူတို့ ပါရှိသည်။

"မြန်မာဝန်းကျင်ကို အခြေပြုသော ဤပုံပြင်များက ကလေးတို့နှင့်စာဖတ်သူတို့၏ နှလုံးအိမ်ကို ကြည်နူးမှု နှစ်သိမ့်မှုပေးစွမ်းနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ မိဘဆရာတို့က ကလေးတို့နှင့် ဆွေးနွေးနိုင်ရန် ပုံပြင်တစ်ပုဒ်ချင်းစီတိုင်းအတွက် သင့်လျော်သော မေးခွန်းများကို နောက်ဆက်တွဲအဖြစ် ပြုစုထည့်သွင်းထားပါသည်" ဟု စာရေးသူက ရင်ဖွင့်အမှာဆိုထားသည်။

မျက်နှာဖုံးအပြင်အဆင် အောင်မျိုးမြတ်(မန္တလေး)နှင့် အတွင်းသရုပ်ဖော်ပုံ သွယ်အောင်တို့က ခြယ်မှုန်းထားပြီး မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ငွေကျပ် ၁၀၀၀၀ ဖြင့် ဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရသည်။ **(ဝဝံ)**

PNT




# အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း ပညာရေးစုံညီပွဲတော်ကျင်းပ



**မန္တလေး ဇန်နဝါရီ ၁၉**

မန္တလေး၊ အောင်မြေသာစံမြို့နယ် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာဦးနှင့် ဆရာမများ၊ မြို့နယ်အတွင်းရှိ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘဆရာအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ အခမ်းအနားကို G-4,5 ကျောင်းသား၊ ကျောင်းသူလေးများက "စုံညီပွဲတော် ဒို့နွဲပျော်" တေးသီချင်းသီဆို၍ ဖွင့်လှစ်ပြီး ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူလေးများ၏ အကပဒေသာဖြင့် ဧည့်ခံဖျော်ဖြေကြကာ တစ်နှစ်တာလုံး ခွင့်ရက်မပျက်ဆုရ ဆရာမများကိုလည်းကောင်း၊ ပညာရည်ချွန်ဆုရနှင့် အားကစားထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။ထို့နောက် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့ကြသော အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

# ဒေသခံပြည်သူများစုပေါင်းပြီး ယာယီဝါးတံတား ဆောက်လုပ်

**ပွင့်ဖြူ ဇန်နဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နှင့် သမန်းရင်းကျေးရွာရှိ မုန်းချောင်းကို ဒေသခံပြည်သူများ အဆင်ပြေစွာ ကူးလူးဖြတ်သန်းသွားလာနိုင်ရေးအတွက် ဇန်နဝါရီ ၁၇ ရက်က ရပ်ကွက်နေပြည်သူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ စုပေါင်းပြီး ယာယီဝါးတံတား ဆောက်လုပ်လျက်ရှိသည်။

အဆိုပါ ယာယီဝါးတံတား ဆောက်လုပ်ရန်အတွက် ပွင့်ဖြူမြို့၊ အနောက်ပိုင်းရပ်ကွက်ရှိ အမေထွား(ပဲဆီသန့်)မိသားစုက လိုအပ်သည်များကို ပံ့ပိုးကူညီပေးခဲ့ပြီး ရပ်ကွက်နေပြည်သူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက စုပေါင်းဆောက်လုပ်ကြခြင်း ဖြစ်သည်။

မုန်းချောင်းသည် ပွင့်ဖြူမြို့နယ်ကို ရစ်ခွေစီးဆင်းလျက်ရှိသဖြင့် ဒေသခံပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းအတွက် စိုက်ပျိုးရေ ရာသီမပြတ် ရရှိနေကြောင်း၊ ပွင့်ဖြူမြို့နှင့် သမန်းရင်းကျေးရွာကြားရှိ မုန်းချောင်းသည် အကျယ် အရှည်ပေ ၁၀၀၀ ခန့်ရှိကာ ယခုလို ပွင့်လင်းရာသီကာလချောင်းရေကျသည့်အချိန်တွင် ဒေသခံပြည်သူများက မြို့ပြနှင့် ကျေးလက် လွယ်လင့်တကူ အဆင်ပြေစွာ ကူးလူးဖြတ်သန်းသွားလာနိုင်ရန် နှစ်စဉ်ယာယီဝါးတံတား ဆောက်လုပ်ကြသည်။

အဆိုပါ ယာယီဝါးတံတား ဆောက်လုပ်ရန်အတွက် အမေထွား(ပဲဆီသန့်)မိသားစုက မ,တည်လှူဒါန်းပေးလျက်ရှိကာ ယမန်နေ့က ရပ်ကွက်နေပြည်သူများနှင့် မုန်းချောင်းတစ်ဖက်ကမ်းရှိ ကျေးရွာများမှ ကျေးရွာသူ၊ ကျေးရွာသားများက မြို့ပြနှင့် ကျေးလက်ဒေသသွားလာရေး လွယ်ကူစေရန် ယာယီဝါးတံတားကို စတင်ဆောက်လုပ်လျက်ရှိပြီး ယင်းယာယီဝါးတံတား ဆောက်လုပ်ပြီးစီးပါက ပွင့်ဖြူမြို့ပေါ်ရှိ ရပ်ကွက်နေပြည်သူများအပြင် မုန်းချောင်းတစ်ဖက်ကမ်းရှိ ကျေးရွာများဖြစ်သည့် သမန်းရင်းကျေးရွာ၊ ညောင်ပင်စောက်ကျေးရွာ၊ မုန်းဇလဲကျေးရွာ၊ အင်းနက်ကျေးရွာနှင့် ကျောင်းကုန်းကြီးကျေးရွာတို့မှ ဒေသခံကျေးလက်နေပြည်သူများ မော်တော်ဆိုင်ကယ်များဖြင့် အချိန်ကုန် လူပင်ပန်းသက်သာစွာ စီးနင်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၄၅)**



# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများအား ကွင်းဆင်းစစ်ဆေး

**မန္တလေး ဇန်နဝါရီ ၁၉**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်တွင် မီးဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိနိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီခွဲက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းဦးစီး၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် တပ်ဖွဲ့ဝင်များသည် ရပ်ကွက်အတွင်းနေထိုင်သူများအား မီးဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျပြင်ဆင်ဆောင်ရွက်ထားရှိရန်ကိစ္စရပ်များကို အသိပညာပေးဆွေးနွေးပြောကြားကာ လျှပ်စစ်မီးကြိုးများ စနစ်တကျသွယ်တန်းထားခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ မီးသတ်ဆေးဘူးများ စနစ်တကျပြင်ဆင်ထားရှိမှု ရှိ၊ မရှိ စစ်ဆေးခြင်း စသည့်မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုများကို စစ်ဆေးအကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)(၀၅၇)**



# နို့စားနွား မွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေ ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ပေါက်ပင်သာကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းဖြင့်(ဒေသစပ်မျိုး)နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေအား ယမန်နေ့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **(ယာပုံ)**

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ပေါက်ပင်သာကျေးရွာမှ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံပြီး စီမံကိန်းအားအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြသွားကြရန် ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် စီမံကိန်းကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများအားတင်ပြကြရာ မြို့နယ်ဦးစီးမှူးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။



အဆိုပါပေါက်ပင်သာကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF)စီမံကိန်းဖြင့် အစုအဖွဲ့(၄)စုမှ သမဝါယမအစုအဖွဲ့ပုံစံဖြင့် (ဒေသစပ်မျိုး)နို့စားနွားမွေးမြူခြင်းကို တစ်ဖွဲ့လျှင် ၄ ကောင်စီဖြင့် စုစုပေါင်း ၄ ဖွဲ့မှ ၁၆ ကောင် မွေးမြူထားကြောင်း မြို့နယ်ဦးစီးမှူးထံက သိရသည်။ **(၄၆၉)**

# ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လင်းရောင်ခြည်စာကြည့်တိုက်ဖွင့်လှစ်



**မိုင်းဖြတ် ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လင်းရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက နမ့်ယွန်းကျေးရွာရှိ လင်းရောင်ခြည်စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် လင်းရောင်ခြည်စာကြည့်တိုက်အသစ်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုး၊ သုခမ္မမဏိဇောတရေ ဦးထွန်းရွှေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်၊ မြို့နယ်စီမံကိန်းရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းခင်ခင်ဆွေ၊ နမ့်ယွန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဒံယေလှတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုးက အမှာစကားပြောကြားရာ နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများနှင့် မြို့ပြနေပြည်သူများ ကွာဟမှုမရှိစေရေးအတွက် အသိပညာဗဟုသုတတိုးပွားစေရေး၊ အမှား၊ အမှန် ဝေဖန်ပိုင်းခြားတတ်စေရန်၊ အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်ရေးအတွက် ရည်ရွယ်ပြီး ကျေးရွာစာကြည့်တိုက်များကို ဖွင့်လှစ်ပေးလျက်ရှိကြောင်း စသဖြင့် အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက စာကြည့်တိုက်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ သုခမ္မမဏိဇောတရေ ဦးထွန်းရွှေနှင့် တာဝန်ရှိသူများက စာကြည့်တိုက်ဆောက်လုပ်မှုမှတ်တမ်းများ၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် စာအုပ်၊ စာစောင်များကို ပေးအပ်ရာ ဦးဒံယေလှနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ နမ့်ယွန်းကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးရွာနေပြည်သူများကိုယ်စား ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့သည်။ နမ့်ယွန်းကျေးရွာမှ ဒေသခံလားဟူတိုင်းရင်းသားများက လားဟူရိုးရာအကများဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး တာဝန်ရှိသူများက စာကြည့်တိုက်ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ လင်းရောင်ခြည်စာကြည့်တိုက်ကို နိုင်ငံတော်မ,တည်ငွေကျပ် သိန်း ၁၅၀ ဖြင့် အလျား ပေ ၂၀၊ အနံ ၁၉ ပေ (RC)တစ်ထပ်၊ စာအုပ်၊ စာစောင်များ၊ ပရိဘောဂပစ္စည်းများ ဝယ်ယူခြင်းတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*

*-*-*-*-*-*




# (၁၈)ကြိမ်မြောက်ဘွဲ့နှင်းသဘင် ကျင်းပ

**စဉ့်ကိုင် ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ တောမကျေးရွာအတွင်းရှိ ကျောက်ဆည်တက္ကသိုလ် (၁၈)ကြိမ်မြောက်ဘွဲ့နှင်းသဘင် ဘွဲ့ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ ကျောက်ဆည်တက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာရီရီဦးနှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ ဌာနမှူးများ၊ ပါမောက္ခများ၊ ပညာရေးအဖွဲ့ဝင်များ၊ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ မိဘများ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် မြန်မာ့ဆိုင်းဝိုင်းတူရိယာအဖွဲ့က 'အမျိုးသားသီချင်း' ဖြင့် တီးမှုတ်၍ အခမ်းအနားကို စတင်ဖွင့်လှစ်ခဲ့ပြီး ကျောက်ဆည်တက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာရီရီဦးက ပညာရေးအဖွဲ့မှ ထောက်ခံချက်ပေးပြီးသော ဘွဲ့များကို အပ်နှင်းလိုက်သောအခါ နေ့စဉ်နေ့တိုင်း နေထိုင်ပြောဆိုမှုများ၌ တက္ကသိုလ်ကျောင်းထွက်များနှင့် သင့်လျော်ထိုက်တန်စွာ ပြုမူပြောဆိုခြင်း၊ ကိုယ်ကျင့်တရား ကောင်းမွန်မှုနှင့် မှန်မြတ်သောပညာရှာမှီးမှုကို အခွင့်အရေးအစွမ်းသတ္တိရှိသမျှ ထိန်းသိမ်းဆောင်ရွက်ရန်၊ လူနှင့်လူ့အဖွဲ့အစည်းအားလုံး ငြိမ်းချမ်းသာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းသတ္တိရှိသမျှ ဆောင်ရွက်ထိန်းသိမ်းစောင့်ရှောက်ပါမည်လောဆိုသည့် ကတိများမေးမြန်းရာ ဘွဲ့ရမောင်မယ်များက ကတိသစ္စာပြုခဲ့ကြသည်။

ထို့နောက် ဘွဲ့နှင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာရီရီဦးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိက၊ အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒဘွဲ့၊ ဘာသာရပ်ဆိုင်ရာဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ မဟာသိပ္ပံဘွဲ့စသည့် တက်ရောက်ဘွဲ့ယူသူ ၉၈၆ ဦးနှင့် အဝေးရောက်ဘွဲ့ယူသူ ၂၃ ဦးတို့အား ဘွဲ့များအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၃၉၉)**

# တစ်သျှူးကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှု နည်းပညာဆွေးနွေးပွဲနှင့် ကွင်းသရုပ်ပြပွဲ ကျင်းပ

**တောင်တွင်းကြီး ဇန်နဝါရီ ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သကြားထွက်သီးနှံ ဌာနခွဲမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၂ စီမံကိန်းဖြင့် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်ရှိ ကြံစိုက်တောင်သူများအား ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှု နည်းပညာဆွေးနွေးပွဲနှင့် ကွင်းသရုပ်ပြပွဲကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက ကင်ပွန်းတောင်ကျေးရွာ၊ တောင်သူ ဦးထိန်ဝင်း၏ ကြံစိုက်ကွင်းတွင်ပြုလုပ်ခဲ့ပြီး ကြံသီးနှံကျွမ်းကျင်ပညာရှင်များက ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ နည်းပညာများ ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲမှ တာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ တောင်တွင်းကြီးမြို့နယ်ရှိ ကြံစိုက်ပျိုးသည့် ကျေးရွာအုပ်စုများမှ ကြံစိုက်တောင်သူများ၊ စုစုပေါင်း ၇၀ ဦးကျော် တက်ရောက်ခဲ့ပြီး ကြံသီးနှံအထောက်အကူပြုပစ္စည်းများကို ကြံစိုက်တောင်သူများအား ပေးအပ်ခဲ့သည်။

**(ယာပုံ)**

**နောင်နောင်(မိဿနီးမြေ)**



# ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းစိုက်ဧက ၂၇၂၉ စိုက်ပျိုးပြီးစီး

**ရမည်းသင်း ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းပဲတီစိမ်းစိုက်ဧက ၂၇၂၉ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းပဲတီစိမ်း ဧက ၂၇၀၀ စိုက်ပျိုးရန် လျာထားပြီး၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစ၍ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အချိန်တွင် ဆောင်းပဲတီစိမ်းစိုက်ဧက ၂၇၂၉ ကို စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းကိုလျာထားချက်ထက်ပို စိုက်ပျိုးထားရှိသည်။

'ဒီနှစ် ရမည်းသင်းမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီချိန် ဆောင်းပဲတီစိမ်း ၂၇၂၉ ဧကကို စိုက်ပျိုးပြီးနေပါပြီ။ လာမယ့်ရာသီတွေမှာ စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ရန်၊ အထွက်နှုန်းကောင်းမွန်ရန်၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးရန်အတွက် ဆောင်ရွက်နေပါတယ်။ ယခုနှစ် ဆောင်းပဲတီစိမ်းစိုက်တောင်သူတွေကို စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ရန်၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်တဲ့မျိုးတွေ စိုက်ပျိုးနိုင်စေရန်အတွက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးပါတယ်။ ရောဂါပိုးမွှားကျရောက်မှုမရှိစေရေးနဲ့ အရည်အသွေးကောင်းမွန်စေရေးတို့အတွက် ကွင်းဆင်းပြီး လိုအပ်တဲ့နည်းပညာရပ်တွေကို ပေးပါတယ်' ဟု ၎င်းက ရှင်းပြသည်။



ထိုကောင်းမွန်သည့်နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ကြောင်း၊ အဆိုပါသီးနှံအရည်အသွေးကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးသည့် တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ အဆိုပါမြို့နယ်တွင် ဆောင်းသီးနှံပဲတီစိမ်းကို ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို ရွေးချယ်စိုက်ပျိုးထားရှိကြောင်း သိရသည်။

**(ဝဲပုံ)(၀၇၃)**

**သစ်ပင်စိုက်ပါ**

**တို့ကမ္ဘာ**

**သာယာလှပ**

**စိမ်းမြမြ။**

ဝတ္ထုတိုကဏ္ဍ




# မော်ဒန်ယတြာ

လျှမ်း(မန်းတက္ကသိုလ်)

တစ်နေ့သ၌ ကျွန်ုပ်သည် ဂျီတွဲလ်စာသင်သားများအား ရူပဗေဒဘာသာ အသံသင်ခန်းစာ သင်ပေးပြီးသွားရကား၊

'ဂနေ့တော့ ဂလောက်နဲ့ စတော့မယ် ကျူရှင်အပြီးဆင်းပါပြီ ကိုကိုမမတို့ ကဲ မင်္ဂလာဆောင်ချင်တယ် မျိုးသန္ဓာထွန်းနဲ့ ဘွာဘွာ မင်္ဂလာပါ တပည့်တို့ရေ' ဟု နိုင်ငံကျော် ကာတွန်းကောင် ပြာလောင်လေသံနှင့် နှုတ်ဆက်လိုက်သည်နှင့် တစ်ပြိုင်နက် ဇစ်ခေတ်ကြောင့် စာမသင်နိုင်ခဲ့ကြရသည့် သက်နှစ်ဆယ်၊ နှစ်ဆယ့်တစ်နှစ်နှင့် သီးသီးလူပျို့အပျို ကိုကို မမပေါက်စန စကောစကရွယ် စာသင်သားများ၏ ညီညာထကြွ၊ ဆုံးမနာယူ၊ သင်တွေးအံ့ရွတ်၊ ပြန်လွှတ်ဝမ်းသာသံ 'ဝေး ဟေးဟေး၊ မင်္ဂလာပါ ဆရာကြီး၊ ကျေးဇူးတင်ပါတယ် ဆရာကြီး ခင်ဗျ/ရှင့်' များ ပွက်ပွက်ညံသွားတော့၏။

နောက်ကျခြေထောက် သစ္စာဖောက်အော်ကြလျက် ဒရောသောပါး အတန်းဆင်းကြ၏။ ခဏနှင့် စတင်းနံး၌ ပြောင်တလင်းမခါ့တစ်ခါ တစ်စင်းဆိုင်ကယ်သာကျန်၏။

'ဘယ်သူ့ဆိုင်ကယ်လဲ တစ်ယောက် ယောက်တွိုင်းလက်ဝင်နေတာလား' ဟု စဉ်းစားလျက် ကျွန်ုပ်သည် စာသင်ခန်းသို့ ဝေ့ကြည့်ပြန်သည်တွင် မချိမချဉ် မန်ကျည်းတစ်ဝက် ထန်းလျက်တစ်ဝက် မျက်နှာလေးနှင့် မောင်အောင်လျှံအား တွေ့ရ၏။

'ဟ အောင်လျှံ၊ ဘာလဲ ဆိုင်ကယ်သော့ ပျောက်လို့လားကွ'

'မပျောက်ပါဘူးခင်ဗျ၊ ဟို ဆရာကြီးကို နည်းနည်းမေးစရာလေးရှိလို့ပါ ခင်ဗျာ'

'အေး မေးကွာ၊ ဘာများလဲကွ'

ကျွန်ုပ်က ဖွင့်ဟအခွင့်ပေးလိုက်သည်နှင့် မောင်အောင်လျှံသည် လက်ခနဲပြုံး၏။

'သားက ဆယ်တန်းစနစ်ဟောင်း သုံးခါကျပါ၊ က-ပ-က ကြီးတွေမှာ သိန်းများစွာ ပလုံစွပ်ဖြုန်း ဝါဆိုခဲ့ပေမယ့် ကျပြီးရင်းကျနဲ့ ဆယ်တန်းသရီးအက်ဖ် ဖြစ်ခဲ့တာပါခင်ဗျ။ စနစ်သစ်ဂျီတွဲလ် ဝင်ဖြေချင်လို့၊ သားသူငယ်ချင်းတွေ အဲသူတို့က တက္ကသိုလ်တွေ ရောက်နေကြပြီလေ၊ သူတို့တွေက လမ်းညွှန်ကြလို့၊ ကိုယ်တိုင်လည်း သဘောကျလို့ ဆရာကြီးရဲ့ ပညာအိမ်ကျောင်းမှာ စာလာသင်နေခဲ့တာပါ ဆရာကြီး၊ သားစကားမတတ်နဲ့ အမှားပါခဲ့ရင်လည်း ခွင့်လွှတ်ပေးပါ ဆရာကြီး ခင်ဗျာ'

'ခွင့်လွှတ်ပါတယ်ကွာ၊ မေးမှာသာ ရဲရဲမေးပါကွ'

ကျွန်ုပ်က ပြုံးလျက် စကားပလ္လင်ခံပေးလိုက်၏။ မောင်အောင်လျှံသည် သူ့ကျောပိုးအိတ် ဘေးအိတ်လေးထဲမှ ရေသန့်ဘူးလေးအား ထုတ်ယူဖွင့်သောက်၏။ ပြီးမှ…။

* * * * * * * * * * *

ကျွန်ုပ်သည် ကြည်နူးရင်ခုန်စွာဖြင့် သုံးထပ်ပြားကြီးပေါ်တွင် 'ပညာအိမ်ကျောင်းမှ ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများ' ဟု ခေါင်းစီးစာလုံးကြီး ထိုးချ ရေးချလိုက်၏။ ထို့နောက် ဝင်ရောက်ဖြေဆို ၁၀ ယောက်။ အောင်မြင် ၁၀ ယောက်။ အောင်ချက်ရာခိုင်နှုန်း ရာနှုန်းပြည့်။ လေးဘာသာ ဂုဏ်ထူးရှင် မောင်အောင်လျှံ၊ မ-၁၂၃၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဇီဝဗေဒ ဟု အစပြုလျက် နှစ်ဘာသာဂုဏ်ထူး၊ တစ်ဘာသာဂုဏ်ထူးရှင်များ၊ ရိုးရိုးအောင်မြင်သူများ စာရင်းအား မြေဖြူကာလာစုံနှင့်ရေး၍ ကျောင်းလေးရှေ့ ဗာဒံရိပ်တွင် ဝင့်ဝင့်ထောင်ကြေညာလိုက်၏။ ကျက်သရေမင်္ဂလာ ရှိပါပေစွ။

နံနက် ၇ နာရီခန့်မှစ၍ သက်ဆိုင်ရာ စာဖြေဌာနအသီးသီးမှ အောင်စာရင်းများ၌ မိမိအမည်ရှာမတွေ့သူအချို့က ကျွန်ုပ်၏ ပညာအိမ်ကျောင်းလေးသို့ ရပီတာတန်းခွဲစာရင်းလာသွင်းကြ၊ ခုံနံပါတ်ယူကြသည်။ သင်တန်းကြေးများ ကြိုသွင်းအပ်နှံကြသည်။ တစ်နံနက်နှင့် အယောက် ၄၀ ပြည့်သွားသည်။

သို့နှင့် နေမွန်းတည့်၌ ကျွန်ုပ်မဟေသီ မအိမ်သူ ဆရာမကြီးသည် ပိုက်ဆံအိတ်ဖောင်းဖောင်းနှင့် ဈေးသို့ ခေါင်းမော့ရင်ကော့တင်ကောက်လျက် ကော့ပက်ပက်နှင့် ရှေ့ပင်နီး ထွက်သွားတော့၏။ သေချာပါသည်။ သူမသည် လူတကာအား ကြွားစိန်လုပ်ပြတော့မည်။ 'သိလား ကျွန်မကျောင်းက ဒီနှစ်ဖိုးဒီထွက်တယ်လေ သိလား' နှင့် အဆိုတော် ခိုင်ထူး လုပ်တော့မည်။ သိလား သီချင်းဟစ်တော့မည်။ ပါးစပ်မောင်း ဒရစပ် လှည့်ပတ်ထုတော့မည်။

သူမ ဈေးထွက်သွားပြီး ခဏ၌ ကျွန်ုပ်၏ ကျောင်းလေးရှေ့သို့ ပါဂျရိုကြီးတစ်စင်း ညင်သာစွာ ထိုးဆိုက်လာ၏။ ပါဂျရိုကြီးပေါ်မှ မောင်အောင်လျှံနှင့် သူ့မိဘတို့သည် အောင်ဘာလေထီ၊ ထိုင်းထီ၊ စင်ကာပူထီ၊ အိုင်ယာလန့်ထီများ တစ်ပြိုင်နက် ထပေါက်ထားကြသူများပမာ ပြုံးမျက်နှာ ကိုယ်စီဖြင့် ကြွကြွရွရွ ဆင်းလာကြ၏။ ပြီးနောက်

* * * * * * * * * * *

ဈေးမှ မီနီအိုးဝေငှားပြန်လာသည့် မအိမ်သူ သည် ကျောင်းလေးရှေ့ပြန်ရောက်သည်နှင့် ခုနစ် သံချိ နှစ်လီ တစ်ဆယ့်လေးသံကြီးနှင့် အော်တော့ ၏။

'ကိုကြီးရေ ကိုကြီး ညီမငေးကိုလာကယ် အဲ လာကူသယ်ပါဦး နော်'

သူမ၏ ထုံးစံနှင့်အညီ နော့ကလေးတစ်ခွန်း နှင့် ကျွန်ုပ်အား အခမဲ့ကူလီထမ်းခိုင်း၏။ အိုးဝေ ဒရိုင်ဘာလေးက ကူညီသယ်မ၊ သယ်ချပေးသည်မို့သာ တစ်ခဏနှင့် ပစ္စည်းစုံစုပုံချ ပြီးစီးသွား၏။ မအိမ်သူ သူမက 'ကိုကြီးရေ ညီမလေးမှာ ပိုက်ပိုက်ခါလီဖြစ်ခဲ့ပြီ။ အိုးဝေခ တစ်သောင်း ကိုကြီး စိုက်ရှင်းပေးဦးနော်' ဟု ပြောလျက် ပိုက်ဆံအိတ် ပိန်ပြားချပ်အား ခါချပြ၊ မှုန့်ပြ၏။ သို့နှင့် ကျွန်ုပ်သည် စားပွဲအံဆွဲအတွင်းရှိ စာအိတ်ညိုဆင်တင်းကုပ်ကြီးထဲမှ ဆင်ဖြူတော်နှစ်ကောင်အား ခုတေန ဆင်ဖမ်းဂါထာရွတ် ဖမ်းယူလျက် အိုးဝေဒရိုင်ဘာ လေးလက်သို့ ဝကွက်အပ်လိုက်၏။

အိုးဝေကားလေး ဝေးဝေး ဝေးရောက်သွားသည်နှင့် 'ကိုကြီးရေ ဒါ ဒါတွေက ဘာ ဘာတွေလည်း ဟင်' နှင့် မအိမ်သူသည် ဆန်အိတ်၊ ဆီပုံး၊ ကန်တော့ခြင်းဝွတ်ရှယ်ကြီးနှင့် နိုင်ငံရပ်ခြားများမှ ထုတ်သည့် မုန့်ပုံးလေးထောင့်၊ အဝိုင်း ဒီဇိုင်းစုံ စီရီစုပုံထားသည့် ဆက်တီခုံအား လက်ညှိုးထိုး၊ မေးငေါ့မေးတော့၏။

'စောစောလေးကမှ မောင်အောင်လျှံလေး လာကန်တော့သွားတာတွေလေ။ သူ့မိဘတွေပါ ပါတယ်ကွ။ မင်းကို စောင့်နေကြပါသေးတယ်။ ငါက မင့်ဖုန်းလှမ်းဆက်ပေမယ့် မင့်ဖုန်းက အားသွင်းဘုတ်မှာ တန်းလန်းလေ။ သူတို့တွေ စောင့်နေကြရင်း နည်းနည်းကြာလာတော့ တခြားသွားစရာတွေရှိသေးလို့ သွားလိုက်ပါဦးမယ်။ နောက်မှ မင်းနဲ့အေးဆေးစကားပြောဖို့ ထပ်လာခဲ့ပါဦးမယ်နဲ့ နှုတ်ဆက်ပြီး ပြန်သွားကြတာလေ။ ကိုင်း ရော့ဗျာ၊ ဟောဒီမှာ မြန်မာဒေါ်လာကျပ်ငွေစာအိတ် ကျပ်သိန်း နှစ်ဆယ်တိတိတဲ့။ စောစောက မီနီအိုးဝေခက ဒီထဲက ဆင်ဖြူတော်နှစ်ကောင် ဖမ်းဆွဲထုတ်ရှင်းပေးလိုက်တာလေ ရှင်းပြီးလား တပည့်မကြီး'

'ရှင်းပါ့ရှင် ရှင်းပါ့၊လယ်ပြင်ဆင်သွားသလိုကို ထင်းထင်းရှင်းရှင်း ရှင်းပါပေ့ရှင်၊ မောင်အောင်လျှံလေး ပညာတွေ ဆက်လက်ထူးချွန်ပါစေ။ သက်ရှည်ကျန်းမာလိုရာတ ရနိုင်ပါစေ။'

'…….ကိုယ်စိတ်နှစ်ပါးချမ်းသာသုခနဲ့ ထာဝရ ပြည့်ဝပါစေ သာဓု သာဓု သာဓုပါတော်'

'တော်လောက်ပြီထင်တယ် ဆရာမကြီးရယ် တော်ရုံပဲလုပ်ပါခင်ဗျာ' ဟု ကျွန်ုပ်နားကလော လာရကား၊ စကားရှန်တိန်လွှဲလျက် 'ဒါနဲ့စကားမစပ် မင်းဈေးသွားတာ ဘာလို့ဒီလောက်ကြာခဲ့ရတာလည်းကွ၊ ကဲ လင်းစမ်းပါဦး' ဟု မေးလိုက်ရ၏။

'အဲဒါအသာခဏထားလိုက်ပါဦးရှင်၊ မောင်အောင်လျှံလေးက ကျွန်မတို့ကို အိမ်တိုင်ရာရောက်လာကန်တော့တဲ့ ဒါရိုက်နည်းနဲ့တင်မက အင်ဒါရိုက်နည်းနဲ့လည်း မစလိုက်ပုံများ၊ သူ့ဖိုးဒီထွက်တာကို သုံးထပ်ပြားဘုတ်ကြီးမှာ ပြူးပြဲနေအောင် စာလုံးအကြီးကြီးနဲ့ ပညာအိမ်ကျောင်းကနေအောင်ကြောင်း ရေးကြော်ငြာအပ်ကြနဲ့ ကျတဲ့ကလေး တချို့က တစ်မနက်ထဲနဲ့ ကျွန်မတို့ ပညာအိမ်ကျောင်းမှာ စာရင်းသွင်းကြအပ်ကြနဲ့ ခဏနဲ့ လူ ၄၀ ပြည့်သွားတာ ရှင်ကြီးလည်း လက်တွေ့၊ ချက်တွေ့ပဲလေ။ ရှင်သာ ဒါကိုကျေနပ်ပြီး စာရင်းပိတ်ချင်နေ ကျွန်မကတော့ နောက်ထပ်တန်းခွဲသစ် ထပ်ဖွင့်ရရင်ကောင်းမလားလို့ တွေးနေတာရှင့်။ မိုးကောင်းတုန်း ရေခံထားနိုင်မှ တစ်နေ့ထက်တစ်နေ့ သုံးလေးဆခုန်ခုန်တက်နေတဲ့ ကုန်ဈေးနှုန်းနဲ့ ကပ်သုံးပါးဆိုက်ကာလပျက်နဲ့ တန်ကာတော်ကာကျမှာရှင့်။ ပြီးတော့ ကျွန်မတို့ နှစ်ယောက်စလုံး သက် ၆၀ ကျော် ဖိုးဖွားပေါက်စနတွေ ဖြစ်နေကြပြီဆိုတာလည်း မေ့ထားလို့ မရဘူးလေရှင့် ဟင့်'

'ရှင့်တွေ ဟင့်တွေနဲ့ ဝေ့မနေပါနဲ့ ဒေါ်အိမ်သူရေ ခင်ဗျားဈေးမှာ ဘာလို့ဒီလောက်ကြာခဲ့ရတယ် ဆိုတာကိုသာ လိုတိုရှင်းအမြန်ဖြေပါကွ'

'ဒေါသမကြီးပါနဲ့ ဆရာကြီးရယ်။ ဈေးထဲ တွေ့သမျှ လူလက်ဆွဲကိုင် ကြေညာမောင်းထုပြ၊ ကြွားစိန်လုပ်ပြချင်လွန်းလို့ကို တမင်ဈေးဝယ် ရှေ့ပင်နီး ထွက်တာလေ။ လူကိုယ်တိုင် လူလုံးပြ ပါဖော့မန့်နဲ့ ကြော်ငြာတဲ့ အာ့တ် ကြော်ငြာခြင်း အနုပညာလေ'

ကဲ ရှင်ဘာကွန်ပလိန်းတက် လျှာရှည်ပြဦးမှာလည်း ဟူသည့် မျက်နှာပေးနှင့် မအိမ်သူသည် ကျွန်ုပ်အား မျက်စောင်းကြီး တစ်စောင်းထိုး၏။

'ကျွန်မကလည်း ရှင့်ကို မေးစရာရှိတယ် ဟိုလေ' သူမသည် ကျွန်ုပ်အား စိမ်းစိမ်းကြီး ကြည့်လျက် ပြော၏။

'မေးလေ' ဟု ကျွန်ုပ်က ခွင့်ပြုလိုက်သည်နှင့် 'ဩော် သုံးဝါဆို သိန်းရာချီကုန်ခဲ့တဲ့ ဆယ်တန်းစနစ်ဟောင်း သရီးအက်(ဖ်)မောင်အောင်လျှံလေးကို ရှင်ကြီးက ဘယ်လိုဩဝါဒတွေ မိန့်ပြလိုက်လို့ ဘယ်လို ကွန်ထရိုးတွေ ပေးလိုက်လို့ ဒီသူငယ်လေး ဒီစနစ်သစ် ဂျီတွဲလ်မှာ ဖိုးဒီနဲ့ အောင်သွားခဲ့ရတာလည်း ဆိုတာကို ရှင်းလင်းပြောပြပေးစေချင်ပါတယ် ဆရာကြီးရှင့် ကျေးဇူးအထူးတင်ပါတယ် ဆရာကြီးဆင့်' နှင့် မအိမ်သူသည် အမူပိုပိုနှင့် ဗျူးလေတော့၏။

ကျွန်ုပ်သည် ငွေနဂါးဆေးပေါ့လိပ်အား မီးငြိလိုက်၏။ အားပါးတရ ရှိုက်ဖွာလိုက်၏။ ပြီးမှ 'မော်ဒန်ဆိုတာ ခေတ်အဆက်ဆက် ခေတ်မီလိုက်လျောညီထွေဖြစ်ခြင်း၊ အပ်တူဒိတ် အဲဗားယူ့တူဖြစ်ခြင်း ဟုတ်တယ်နော်။ အေး မင်းတာဝန်ထမ်းခဲ့တဲ့ အ·ထ·က ရဲ့ အာစရိယပူဇော်ပွဲမှာ မင်းသွားအကန်တော့ခံနေခဲ့တဲ့ တစ်နေ့သားတုန်းကပေါ့'

'မောင်အောင်လျှံက သူ့စာမေးပွဲတိုင်း ဖြေဆိုနိုင်ခဲ့တယ်ထင်ရပေမယ့် ဘာလို့ စနစ်ဟောင်း ဆယ်တန်းသုံးခါတိတိကျနေခဲ့ရတာလည်း သူ့မိဘတွေကလည်း ဘာမေးညာစမ်း ဘာယတြာ၊ ညာအစီအရင် နှစ်စဉ်လုပ်ပေးပေမယ့် သူဘာလို့လို့ ကျကျနေရတာလည်း ဆရာကြီးက စာလည်းသင် စာလည်းရေးတဲ့ ကျူရှင်ဆရာ၊ စာရေးဆရာဆိုတော့ သူ့ကို ဒီနှစ်သေချာပေါက် အောင်နိုင်စေမယ့် နည်းလမ်းကောင်းတစ်ခု လမ်းညွှန်ပေးပါလို့ အရှုံးအမဲသားတောင်းသလိုကိုတွင်တွင် တောင်းဆိုခဲ့တာနဲ့ ငါလည်း ဖတ်ဖူးသမျှ စာတိုပေစတွေ စာကြီးပေကြီးတွေ အားလုံး ပြန်စဉ်းစားရောသမမွှေပြီး ခြုံယူဆင်ခြင်ပြီး မင်းရဲ့ အဖေနဲ့ အမေကို ထိခြင်းငါးပါးနဲ့ ဒီနေ့ညကစပြီး ညစဉ်ကန်တော့ကွာ။ ပါးစပ်ကလည်း အဖေနဲ့အမေတို့ခင်ဗျာ၊ သား ကာယကံ၊ ဝစီကံ၊ မနောကံ ပြစ်မှားကျူးလွန်မိသည်ရှိခဲ့ရင် ဖွေမယူဘဲ မေတ္တာမိုးများ ဆက်လက်ရွာသွန်းဖြိုးပေးကြပါရန် ရှိသေစွာ ရှိခိုးကန်တော့တောင်းပန်ပါတယ် ခင်ဗျာလို့ ဆိုကွာ။ မင်းအဖေနဲ့ အမေတို့ကိုလည်း ဖွေမယူပါ။ ခွင့်လွှတ်ပါတယ်၊ သား အရာရာအောင်နိုင်သူဖြစ်ပါစေလို့ ပြောခိုင်းကွာလို့ ပြောဆိုပြပြီး သုဝဏ္ဏသာမဇာတ်တော်ကို စတိပြောပြပေးလိုက်တာပေါ့။ ဒီယတြာဟာ ခေတ်မီအစွမ်းထက်တဲ့ မော်ဒန်ယတြာ၊ အရာရာအောင်၊ အောင်ယတြာ မြတ်ကြီးပေါ့ကွာ။ ပြီးတော့ မင်းဒီနေ့လို လာဘ်တွေပါ ရှင်နိုင်စေတာကွ။ မင်းဒီနေ့လို အမြဲလာဘ်ရှင် ငွေဝင်နေချင်ရင် နေ့တိုင်း၊ ညတိုင်း ငါ့ကို ခြေဆုပ်လက်နယ်နှိပ်ပေး ငါ့ကို နဖူးတိုက်ဦးခိုက်ပြီးမှ ဖေ့စဘုတ်ကြည့်ပြီးမှအိပ် ဒါဆို မင်းလာဘ်ရှင် ရုံတင်မက ဆီးတွေပါရွှင်ပြီး ညည ခဏခဏထ ရှုန်းရှုန်းပူပူ နေနေရလိမ့်မယ်ကွ ဟဟ' ဟု ဒရစပ် ပြောပြလိုက်၏။

'သွား ဒီက အပုတ်မှတ် နားထောင်နေတာ လူလည်ကြီး၊ ဝေးပါသေး ကန်တော့ပါသေးရဲ့ရှင့်' နှင့် မအိမ်သူသည် သူမကိုယ်သူမ မျိုးသန္ဓာထွန်းများ မှတ်ယူနေလေလားမသိ၊ ဖွတ်တင့်လှပေဟန်နှင့် မူနွဲ့ပြနေတော့သတည်း။

## ချမ်းအေးသာစံမြို့နယ် စာရေးဆရာအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၊ စာရေးဆရာအသင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားစီစဉ်တင်ဆက်သူအဖြစ် ယာယီအတွင်းရေးမှူး ဆရာစိုင်းအောင်မိန်း(မိုတိုင်း)က ဆောင်ရွက်ပြီး ရှေးဦးစွာ ကွယ်လွန်သွားပြီးဖြစ်သော ဥက္ကဋ္ဌဟောင်း ဆရာမောင်သန်း(မဟာဝိဇ္ဇာ)အား အခမ်းအနား တက်ရောက်လာကြသူများက ၂မိနစ်ခန့် ငြိမ်သက်၍ မေတ္တာပို့အမျှဝေကြသည်။

ထို့နောက် ယာယီဥက္ကဋ္ဌ ဆရာမတင်မမခိုင်(မန်းတက္ကသိုလ်)က အဖွင့်အမှာစကားပြောကြားပြီး ယာယီအတွင်းရေးမှူး ဆရာစိုင်းအောင်မိန်း(မိုတိုင်း)က မြန်မာနိုင်ငံစာရေးဆရာအသင်းဗဟိုမှ ပေးပို့သော စာဆိုတော်နေ့သဝဏ်လွှာကို ဖတ်ကြားပြီး အသင်း၏ ရပ်တည်မှုအနေအထားနှင့် အသင်းသားများ နှစ်စဉ်ကြေးထည့်ဝင်ထားမှုကို ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ ဘဏ္ဍာရေးမှူး ဆရာမဒေါ်မမနိုင်(မန္တလေးရုပ်သေး)က အသင်းရှိ ဘဏ္ဍာရေးအခြေအနေကို ရှင်းလင်းပြီး စာရေးဆရာအသင်းသို့ အလှူငွေကျပ်ငါးသောင်း ထည့်ဝင်လှူဒါန်းသည်။ ယင်းနောက် အလုပ်အမှုဆောင်ဆရာဒေါက်တာထွန်းမောင်ကလည်း စာရေးဆရာအသင်းသို့ အလှူငွေကျပ်ငါးသောင်း အသီးသီးထည့်ဝင်လှူဒါန်းကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဆရာ၊ ဆရာမများက မြို့နယ်စာရေးဆရာအသင်း ရေရှည်ရပ်တည်ဖွံ့ဖြိုးတိုးတက်စေရန် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ဆွေးနွေးမှုများ အပေါ်မူတည်ပြီး အသင်းသားဦးရေအတည်ပြုဆောင်ရွက်ရန်၊ အသင်းဆိုင်းဘုတ်တင်ဆောင်ရွက်ရန်နှင့် တစ်လလျှင် တစ်ကြိမ် သောကြာနေ့တိုင်း စာပေလှုပ်ရှားမှုအဖြစ် စာတမ်းများအလှည့်ကျဖတ်ကြရန်တို့ကို ဆုံးဖြတ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းနိုင်၊ ယာယီဥက္ကဋ္ဌ ဆရာမတင်မမခိုင်(မန်းတက္ကသိုလ်)၊ ယာယီအတွင်းရေးမှူး ဆရာစိုင်းအောင်မိန်း(မိုတိုင်း)၊ ဘဏ္ဍာရေးမှူး ဆရာမဒေါ်မမနိုင်(ရုပ်သေး)၊ အလုပ်အမှုဆောင်ဆရာဒေါက်တာထွန်းမောင်၊ ဆရာမနုနုကြည်(အမေ့အိမ်)၊ အသင်းဝင်ဆရာမနွေဝေနှင်း(မန္တလာမြေ)၊ ဗုဒ္ဓစာပန်းချီဆရာသျှန်ငွေး၊ ဆရာသူရိန်(မန္တလေး)၊ ဆရာစိုးလှ(ဉပဒေ)၊ ဆရာသွယ်အောင်၊ ဆရာမိုးသောက်ကြယ်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြကာ နေ့လယ်စာ ခေါက်ဆွဲကြော်ဖြင့် ဧည့်ခံကျွေးမွေးကြောင်း သိရသည်။

(အပေါ်ပုံ)

PNT

## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုဆုချီးမြှင့်ပွဲ ကျင်းပ

**ကန့်ဘလူ ဇန်နဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်၊ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုကော်မတီမှ ကြီးမှူးကျင်းပခဲ့သည့် ကာယ၊ ဉာဏပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ ရက် နံနက် ၁၀ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။



အခမ်းအနားတွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုကော်မတီဝင် ခရိုင်ပညာရေးမှူး ဦးသန်းထိုက်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က ကာယ၊ ဉာဏပြိုင်ပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အထက်တန်းဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အလယ်တန်းဆင့် စာစီစာကုံးပြိုင်ပွဲနှင့်ပုံပြင်ပြောပြိုင်ပွဲ၊ မူလတန်းဆင့် ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများအား ခရိုင်ပညာရေးမှူး ဦးသန်းထိုက်နှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲများကို ကန့်ဘလူမြို့ပေါ်ရှိ အခြေခံပညာကျောင်းများနှင့်ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၄၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၄၈၀)

## ပြည်သူ့စာကြည့်တိုက်တွင် စာဖတ်ရှိန်မြှင့်တင်ရေး ပုံပြင်ပြောပြိုင်ပွဲကျင်းပ



**တောင်တွင်းကြီး ဇန်နဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ဇန်နဝါရီ ၁၆ရက်က စာဖတ်ရှိန်မြှင့်တင်ရေး ပုံပြင်ပြောပြိုင်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးအရာရှိ ဒေါ်သင်းမြတ်က ပုံပြင်ပြောပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ပုံပြင်ပြောပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မြို့မအခြေခံပညာအလယ်တန်းကျောင်း၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ငါးဦးက ဂုံရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ ရေးသားပြုစုသည့် "စာတတ်ခြင်း၏ အကျိုး" ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ပုံပြင်ပြောပြိုင်ပွဲကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့မအခြေခံပညာအလယ်တန်းကျောင်းတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

နောင်နောင် (ဗိုသနီးမြေ)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## လရောင်အောက်က ချစ်မေတ္တာ

* လပြည့်ည
ကြယ်စုံခ
သိပ်ကိုလှ။

* ကောင်းကင်ပြာ
တိမ်ဖြူလွှာ
မြူးလွင့်ဖြာ။

* ဆည်းလည်းမြည်
ချို့ရွှင်ကြည်
ထုံးစေတီ။

* ရန့်လှူ
စပယ်ဖြူ
မွှေးကြူကြူ။

* လရောင်မှာ
ဖူးပွင့်လာ
ကုမုဒြာ။

* လရောင်လူး
သက်ပိုင်မှူး
လှပုံထူး။

* လရောင်မှာ
တောတောင်သာ
ကြည်နူးစွာ။

* စမ်းရေအေး
ငြိမ့်ငြိမ့်လေး
ကျောက်ဆောင်ဘေး။

* ငှက်ကလေး
သီဆိုကြွေး
တံတျာတေး။

* မေတ္တာဝေ
ကမ္ဘာမြေ
ငြိမ်းချမ်းစေ။ ။

ခင်ဆွေလှိုင်(ပန်းချီ)



## သတင်းပဒေသာ

### ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ကျင်းပ

ကချင်ပြည်နယ်၊ ပူတာအိုမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျောင်းရှေ့ကွင်းပြင်၌ ကျင်းပရာ ခရိုင်ပညာရေးမှူး ဒေါ်သန်းသန်းညွန့်က အဖွင့်အမှာစကားပြောကြားသည်။ ကျောင်းသားများက အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းဆွေညွန့်နှင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးထွက်အောင်သင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများအားလည်းကောင်း၊၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ခရိုင်အဆင့်၊ မြို့နယ်အဆင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အတန်းအသီးသီးမှ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ဝိုင်း ကျင်းပ

ပြည်ထောင်စုနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူ အမျိုးသမီးအသင်း(Women Club)တို့ပူးပေါင်း၍ စာရေးဆရာမ ဒေါက်တာ ခင်စန်းမော် ရေးသားသော "ပညာရှင်စိတ်ထား" စာအုပ်ဖြင့် စာဖတ်ဝိုင်း ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီက လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ပြုလုပ်ရာ ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်နန်းဆွေဆွေအေးက စာဖတ်ဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားခဲ့သည်။ စာဖတ်ဝိုင်းကို ဆက်လက်ပြုလုပ်ရာ စာပေချစ်မြတ်နိုးသူအမျိုးသမီးအသင်း (Women Club) အသင်း အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်မေမြတ်ဦးခင်၊ ဒေါ်နီနီလွင်၊ ဒေါ်သက်မှူးခိုင်တို့က စာရေးဆရာမ ဒေါက်တာ ခင်စန်းမော် ရေးသားသော "ပညာရှင်စိတ်ထား" စာအုပ်တွင်ပါရှိသော ခေါင်းစဉ်များအနက်မှ မိမိတို့ကြိုက်နှစ်သက်ရာ တစ်ခုချင်းအလိုက် ဖတ်ကြားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ကြက်ကောင်ရေ ၃၈၅၇ ကောင်အား ပိုင်ရှင်များထံ လွှဲပြောင်းပေးအပ်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ် ကံကြီးကျေးရွာအုပ်စုတွင် ဒေသကြက်အချို့ ရာဂီမုန်တိုင်း အရှိန်ကြောင့် ပျက်စီးခဲ့သည့် ကြက်များအစား နိုင်ငံတော်မှ ပြန်လည်ပေးအပ်ခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးတွင် ပိုင်ရှင်များထံ ပြန်လည်ပေးအပ်ခဲ့သည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုဦးစီးမှူးဦးအောင်မြင့်မိုး၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဌေးထိုက်နှင့် တာဝန်ရှိသူများက ကံကြီးကျေးရွာအုပ်စုတွင် ဆုံးရှုံးခဲ့သည့်ဒေသကြက်ပိုင်ရှင်၂၆ ဦးအတွက် ကြက်ကောင်ရေ ၃၈၅၇ ကောင်အား ပိုင်ရှင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ်တွင် ကျေးရွာဒေသခံတိုင်းရင်းသားပြည်သူများအား ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ပေးနိုင်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ကွင်းဆင်းအသိပညာပေးလုပ်ငန်းများကို ယမန်နေ့ နံနက် ၁၀ နာရီက မိုင်းလွေကျေးရွာအုပ်စု၊ နောင်ပတ္တိုင်ကျေးရွာ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ဗောဓိငါးထောင်ဘုရားသို့ ထီးတော်နှင့်ဘုရားများ လှူဒါန်း

**မန္တလေး ဇန်နဝါရီ ၁၉**

မန္တလေး၊ တောင်စလင်းတိုက်သစ်၊ ဘာဝနာဌာန၊ ပဓာနနာယက ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဆောင်သည့် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်ရှိ ဗောဓိငါးထောင် ဘုရားသို့ ဘုရား တစ်ဆူငွေကျပ် ခုနစ်သောင်း၊ ထီးတော်တစ်လက်ငွေကျပ် ခြောက်သောင်းငါးထောင်ကျပ်ဖြင့် ရပ်ဝေး ရပ်နီးမှ လှူဒါန်းကုသိုလ်ပြုနေသည်။ အလှူရှင် မန္တလေး၊ ချမ်းမြသာစည်မြို့နယ်နေ ဦးစန်းညွန့်နိုင်+ဒေါ်ချစ်စိန်လှတို့အား ရည်စူး ၍ ဦးဇော်ခင်+ဒေါ်သန္တာနိုင်၊ (သမီး) မမေစန္ဒီကို မိသားစုက ဘုရားတစ်ဆူ၊ ထီးတစ်လက်၊ ချမ်းမြသာစည်မြို့နယ်နေ အလှူရှင် ဒေါ်သန်းမေ၊ ဖခင်ကြီး ဦးကြီးငွေ၊ အစ်ကိုကြီး ကိုမျိုးဝင်း၊ ကိုသန်းထွန်းတို့အား ရည်စူး၍ ကျန် မိသားစုက ဘုရားတစ်ဆူ၊ ထီးတစ်လက်၊ မန္တလေး၊ ချမ်းမြသာစည်မြို့နယ်နေ အလှူရှင် မိခင်ကြီး ဒေါ်စောရီတို့အား ရည်စူး၍ ဦးဇော်ခင်+ဒေါ်သန္တာနိုင်၊ (သမီး) မမေစန္ဒီကို မိသားစုက ဘုရားတစ်ဆူ၊ ထီးတစ်လက်၊ မန္တလေး၊ ချမ်းမြသာစည်မြို့နယ်နေ အလှူရှင် အမိ၊ အဖတို့အား ဦးထိပ်ထား၍ ဦးနော်ဗဲလ်+ဒေါ်မမကြီး၊ (သမီး) မသဲသဲ မွေးနေ့အလှူတော် ဘုရားတစ်ဆူ၊ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်နေ အလှူရှင် ဦးပန်းသာကွန်း၊ (မိခင်)ဒေါ်ပုတို့အား ရည်စူး၍ (ဖခင်)ဦးထွန်းအောင်+(မိခင်)ဒေါ်မဖွဲ့ဖြူတို့အား အမှူးထား၍ ဦးမိုးဝေ+ဒေါ်မာမာဆွေ (ILBC)မိသားစုက ဘုရားတစ်ဆူ၊ မန္တလေး၊ မဟာအောင်မြေမြို့နယ်နေ အလှူရှင် အဘိုး ဘုန်းဘုန်းကြီး ဦးအာစရ၊ ဖခင်၊ မိခင်တို့အား ရည်စူး၍ (သမီး)ကိုဝေလင်းထက်+မဇင်မာဝင်း၊(သမီး)မယမင်းသူ၊ (သား)မောင်ရှိုင်းဝေယံ မိသားစုက ဘုရားတစ်ဆူ၊ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်နေ အလှူရှင် ဦးမိုးဝေ+ဒေါ်မာမာဆွေ(ILBC) မိသားစုက ဘုရားတစ်ဆူ၊ ယမန်နေ့က အသီးသီးလှူဒါန်းကုသိုလ်ပြုရာ ဗုဒ္ဓဘာသာ သာသနာပြုပြန့်ပွားရေးအသင်း ဥက္ကဋ္ဌ ဦးလှဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုလွှာများအား ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

(ဝ၄၉)

## မွေးနေ့မင်္ဂလာ အရဏ်ဆွမ်းကပ်

**မန္တလေး ဇန်နဝါရီ ၁၉**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် စောမွန်လှအမိဋ္ဌာန်အောင် ဆုတောင်းပြည့် မြတဘက်နဂါးကိုးကောင်ဘုရား စောမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင် ပညာရေး မူလတန်းလွန်ကျောင်းတွင် မွေးနေ့မင်္ဂလာ အရဏ်ဆွမ်းကပ် အလှူတော်ကို ဇန်နဝါရီ ၁၆ ရက် နံနက် ၆ နာရီတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ မွေးနေ့အလှူတော် မင်္ဂလာကို နှစ်ဖက်သော မိဘများ အမှူးထား၍ မန္တလေး၊ ၇၃လမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြားရှိ (FANCY GIRL FASHION SHOP)မိသားစုများဖြစ်ကြသော ကိုဇင်ဖြိုးဦး+မယုယုငြိမ်း၊ (သား) မောင်ကောင်းထက်မြတ် မိသားစုတို့မှ မယုယုငြိမ်း၏ မွေးနေ့ အထိမ်းအမှတ်အဖြစ် နဂါးကိုးကောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒအမှူးရှိသော ဆရာတော်၊ သံဃာတော်များ၊ ရှင်သာမဏေများ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများ စုစုပေါင်း ၁၅၀ ကျော်တို့အား အရဏ်ဆွမ်း မုန့်ဟင်းခါးများကို ဆက်ကပ်လှူဒါန်းရာ နဂါးကိုးကောင်ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒထံမှ သီလခံယူ ဆောက်တည်ကြကာ မေတ္တာပို့သ အမျှပေးဝေ၍ ရေစက်ချလှူဒါန်းခဲ့သည်။

**(အပေါ်ယာပုံ)**

အဆိုပါ ကျောင်းတွင် သူငယ်တန်းမှ အဋ္ဌမတန်းအထိ ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူ ၁၀၀၀ ခန့်တို့အား ဆရာမ ၃၀ ဦးဖြင့် ပညာသင်ကြားပေးလျက်ရှိပြီး ရှင်အပါး ၃၀၀ စုပေါင်းရှင်ပြုပွဲကြီး ဆင်နွှဲလျက်ရှိရာ ယခုနှစ်အတွက် လာမည့် တပေါင်းလပြည့်ကျော် ၈ ရက် (၂၁-၃-၂၀၂၅)ရက်တွင် (၁၉)ကြိမ်မြောက်အဖြစ် စုပေါင်းရှင်ပြုပွဲကြီးကို ကျင်းပမည်ဖြစ်ရာ ၀၉-၂၀၃၂၂၄၇၊ ၀၉-၄၀၂၅၉၈ ၃၅၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

(ကဆ)



## ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ရာသက်ပန် ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး ဇန်နဝါရီ ၁၉**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့နံနက်က ရာသက်ပန် ဆွမ်းပဒေသာပင် အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တကေသဝ(မွှော်စရိယ၊ B.A)က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအနုမောဒနာတရားဟောကြားချီးမြှင့်ပြီး မန္တလေး၊ အောင်တော်မူရပ်နေ (အဖ)ဦးစန်၊ (အမိ) ဒေါ်မိ၊ သားသမက် ဒေါက်တာ သောင်းထိုက်တို့အား ရည်စူး၍ ကျန်ရစ်သူ မိသားစုတို့က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင် လှူဒါန်းပြီး ငွေကျပ် ၄၅ သိန်း၊ ဖြည့်စွက်လှူဒါန်းငွေကျပ် သုံးသိန်း၊ စုစုပေါင်းငွေကျပ် ၄၈ သိန်းကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

**(အောက်ပုံ)**

အဆိုပါ အလှူရှင် မိသားစုများက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိက ဆရာတော်များ၊ သင်တန်းသား သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သိရသည်။

(ဝ၃၆)



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်း၊ စီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မန္တလေးမြို့နေ နှစ်ဘက်သော အဘိုး၊ အဘွား၊ မိဘများ အမှူးထား၍ ကိုသူရိန်ထွန်း+မစိမ်းယု(ခ)Pretty မွေးနေ့အထိမ်းအမှတ်အတွက် ကျော်မြင့် စက်မှု၊ လက်မှု မိသားစုက ဆွမ်းအလှူငွေကျပ် ငါးသိန်းကို ယမန်နေ့က လှူဒါန်းရာ ဆွမ်း၊ ကွမ်း ဝေယျာဝစ္စကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်း၊ ကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့မှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်စဉ်။

(ကဆ)



# မြတ်သည့် ဒါန အလှူတော်

## နာဂသူရိယ(အင်းဝ)

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် လေးလအကြာ မဂဓတိုင်း၊ ရာဇဂြိုဟ်မြို့အနီး ဝေဘာရတောင်စရည်းပင်ပေါက်ရာ သတ္တပဏ္ဏိလိုဏ်ဂူတော်ကြီးမှာ အရှင်မဟာကဿပ မထေရ်ကြီးက အကြီးအမှူးပြုတော်မူပြီး ရဟန္တာများစွာ ငါးရာနှင့်တကွ ပထမ 'သင်္ဂါယနာ' တင်တော်မူပါတယ်။

သင်္ဂါယနာတင်ရခြင်းအကြောင်းက တောထွက်ရဟန်းကြီး သုဘဒ္ဒက 'ရှင်ကြီးဂေါတမ' မရှိတော့ဘူးဟေ့။ သူ့လက်က လွတ်ပြီဟေ့။ ကြိုက်သလို လုပ်နိုင်ပြီ၊ ကြိုက်သလို နေနိုင်ပြီ။ ငိုကြွေးလူးလှိမ့်မနေကြနဲ့။ ပြောသံကို အရှင်မဟာကဿပမထေရ် မြတ်ကြီးကြားတော်မူလေတော့ သာသနာတော်အတွက် ရင်လေးမူပြန်ပါတယ်။ အဓမ္မဝါဒီတို့ အင်းအားကြီးမားထွန်းကားလာပါက ဓမ္မဝါဒီတို့ သေးသိမ်မှေးမှိန်ပြီး သာသနာတော်ကြီး ညစ်နွမ်းပျောက်ကွယ်သွားနိုင်တယ်။ သာသနာတော်ကြီး သန့်ရှင်းတည်တံ့ခိုင်မြဲရန် မထေရ်မြတ်ကြီးများနှင့် တိုင်ပင်ပြီး သင်္ဂါယနာတင်မှ ဖြစ်တော့မယ်ဆိုပြီး သင်္ဂါယနာတင်ပါတယ်။ သင်္ဂါယနာတင်ရခြင်း အကြောင်းအရင်းပါ။

အရှင်မဟာကဿပ မထေရ်ကြီးက အကြီးအမှူးပြုပြီး တင်တော်မူပြီ။ ဓုတင် တစ်ဆယ့်သုံးပါးလုံးကို အမြဲမပြတ် ကျင့်ကြံအားထုတ်တော်မူသော ဓုတင်ဧတဂ်ရ အရှင်မဟာကဿပ မထေရ်ကြီးက အကြီးအမှူးပြုပြီး ဧတဒဂ်ငါးပါး (ဗဟုသုတအရာ၊ သတိရှိသောအရာ၊ လုံ့လရှိသောအရာ၊ ဘုရားဟောသမျှ သိစွမ်းနိုင်သောအရာ၊ ဘုရားရှင်အား လုပ်ကျွေးပြုစုသောအရာ)ရသော အရှင်အာနန္ဒာ၊ ဒိဗ္ဗစက္ခုဉာဏ် ဧတဒဂ်ရသော အရှင်ဥပါလိ စသော ဧတဒဂ်ရ ရဟန္တာကြီးများ ဦးဆောင်ပါဝင်ပြီး သင်္ဂါယနာတင်ပွဲကြီး ကျင်းပတော်မူကြပါတယ်။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူခဲ့သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ တရားတော်မြတ်များကို အသေးစိတ်စိစစ်ပြီး ပထမဦးစွာ ဝိနည်းတရားတော်ကို သင်္ဂါယနာတင်တော်မူကြပါတယ်။ အရှင်မဟာကဿပ မထေရ်မြတ်ကြီးက ဝိနည်း၊ သိက္ခာပုဒ်များကို တစ်ခုစီ ဖော်ထုတ်ပြီး ဖြစ်ပေါ်လာပုံကို အသေးစိတ် မေးမြန်းတော်မူပါတယ်။ အရှင်ဥပါလိ မထေရ်မြတ်ကြီးက အသေးစိတ်ဖြေကြားပေးတော်မူပါတယ်။ ကျန်ရဟန္တာမထေရ်မြတ်ကြီး ၄၉၈ ပါးတို့က စူးစိုက်နားထောင်တော်မူကြပြီး စုပေါင်းရွတ်ဆို သင်္ဂါယနာတင်တော်မူကြပါတယ်။

သုတ္တန်နှင့် အဘိဓမ္မာကို အရှင်မဟာကဿပ မထေရ်မြတ်ကြီးက စိစစ်မေးမြန်းတော်မူပြီး အရှင်အာနန္ဒာ မထေရ်မြတ်ကြီးက ဖြေကြားတော်မူပြီး ကျန်ရဟန္တာ မထေရ်မြတ်ကြီး ၄၉၈ ပါးတို့က စူးစူးစိုက်စိုက် နားထောင်တော်မူကြပြီး စုပေါင်းရွတ်ဆို သင်္ဂါယနာတင်ကြပါတယ်။

မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်မှ စပြီး သင်္ဂါယနာတင်ကြရာ တပေါင်းလပြည့်နေ့မှာ ပြီးမြောက်အောင်မြင်ပါတယ်။ ၇ လ ကြာပါတယ်။ ပဉ္စည်းလေးပါး သာသနာ့ဒါယကာ အဇာတသတ်မင်းကြီး အမှီပြုပြီး တင်ကြောင်း သိရပါတယ်။

ဖြုတ်တယ်၊ နုတ်တယ်၊ ဖြည့်တယ်၊ စွက်တယ် မလုပ်၊ အခြားအခြားသော အယူဝါဒများနှင့်လည်း အရောအထွေး မခံ။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ တရားတော်မူရင်းအတိုင်း လက်ခံကျင့်သုံးနိုင်ရန် စိတ်ရည်သန်ပြီး 'သင်္ဂါယနာ' တင်ရခြင်း ဖြစ်ပါတယ်။ မူရင်းအတိုင်း ကျင့်သုံးလိုက်နာသော သာသနာတော်ကို (ထေရဝါဒသာသနာ)ကို ခေါ်တွင်ပါတယ်။

မြန်မာနိုင်ငံ ပုဂံခေတ် အနော်ရထာမင်းမတိုင်ခင် (မဟာယန) ပုဂ္ဂိုလ်များက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး တရားတော်များမှ လိုက်နာနိုင်စွမ်းမရှိတာများကို ထုတ်ပယ်ပြီး လိုက်နာကျင့်ကြံနိုင်တာ အကျိုးစီးပွားလာဘ်လာဘများ ရနိုင်တာတွေကို ဖြည့်စွက်ရောနှော လက်ခံကျင့်ကြံအားထုတ်ကြပါတယ်။

သီရိလင်္ကာ သီဟိုဠ်မှ အရှင်အရဟံ ရဟန္တာ မထေရ်မြတ်ကြီးနှင့် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးတို့ ပူးပေါင်းပြီး မဟာရနဝါဒကို အစွမ်းကုန် တိုက်ထုတ်ကြပါတယ်။ ထေရဝါဒ သာသနာတော်မြတ်ကြီးကို ပြန့်ပွားထွန်းကားလာအောင် ဆောင်ရွက်ကြပါတယ်။

အရှင်အရဟံနှင့် ပုဂံပြည့်ရှင် အနော်ရထာမင်းတို့ ကျေးဇူးကြောင့် ပုဂံပြည်သာတို့ မှန်မြတ်သန့်စင်သော (ထေရဝါဒသာသနာ)တော်မြတ်ကြီးကို ကိုးကွယ်ခွင့်ရခဲ့ပါတယ်။ ယခုချိန်ထိ ပုဂံပြည်သားတို့နှင့်အတူ မြန်မာပြည်သားတွေအားလုံး ကိုးကွယ်ခွင့်ရနေကြတော့ ဝမ်းမြောက်ဝမ်းသာဖြစ်လို့ မဆုံးပါဘူး။

ဘုရားဂုဏ်တော် ၉ ပါး၊ တရားဂုဏ်တော် ၆ ပါး၊ သံဃဂုဏ်တော် ၉ ပါး ဦးထိပ်ထားပြီး ဗုဒ္ဓဘာသာဝင်အားလုံး သိသင့်၊သိထိုက်သော အခြေခံကြသော တရားတော်များကို လက်ကိုင်ထားပြီး ကျင့်ကြံအားထုတ်ပွားများနိုင်ရန် ဆယ်စောင်တွဲ စာအုပ်များ ထုတ်ဝေရောင်းချခဲ့ကြပါတယ်။ (၁)သမတဆယ်စောင်တွဲ၊ (၂)ဗမာ့ခေတ်ဆယ်စောင်တွဲ၊ (၃)ပုံတော်စုံဆယ်စောင်တွဲ စသဖြင့် ဆယ်စောင်တွဲ စာအုပ်တွေ အမည်အမျိုးမျိုးနဲ့ ထုတ်ဝေခဲ့ပါတယ်။

အင်းဝဈေးချို ငါးမာရ်အောင်ဘုရား၊ ရတနာမာရ်အောင်ကမ္မဋ္ဌာန်းကျောင်းမှာ သီတင်းသုံးတော်မူသော 'ဆရာတော် ဦးဝိဇယ' က ဆယ်စောင်တွဲ စာအုပ်တစ်အုပ် လှူဒါန်းပါတယ်။ အမြတ်ဆုံးသော တရားအလှူ ဓမ္မဒါန ဆယ်စောင်တွဲ စာအုပ်လေးကို မြတ်မြတ်နိုးနိုး လက်ခံပြီး ဝမ်းပန်းတသာ ကြည့်လိုက်တော့ မိဘမေတ္တာ စာပေက ထုတ်ဝေတဲ့ ဆယ်စောင်တွဲ စာအုပ်လေးပါ။ မျက်နှာဖုံး ဒီဇိုင်းနဲ့ အရောင်ကလည်း ဓမ္မစာပေ၊ ဓမ္မအရောင်ပါပဲ။ ဖော်ပြပါ စာသားတွေကလည်း ဘာသာ သာသနာတော်ကို အလေးအနက်ထားကာ မြင်တွေ့လိုက်ရတော့ ဝမ်းသာမဆုံး ဖြစ်ရပါတယ်။

**မိဘမေတ္တာစာပေ**

ရှေးရိုးစဉ်လာ ရှေးမူမပျက် ဘုန်းတော်ကြီးကျောင်းသုံး ဗုဒ္ဓဘာသာဝင် မိသားစုတိုင်း လက်ကိုင်ထားသင့်သော ဗုဒ္ဓဘာသာ အခြေခံလက်စွဲ မိဘမေတ္တာ ဆယ်စောင်တွဲ။

**အတွင်းမာတိကာ**

(၁) မင်္ဂလသုတ်၊ (၂) အပြင်အောင်ခြင်း၊ (၃) အတွင်းအောင်ခြင်း၊ (၄) ရတနာရွှေချိုင့်၊ (၅) နမက္ကာရ၊ (၆) လောကနီတိ၊ (၇) ပရိတ်ကြီး (၁၁)သုတ် ပါဠိတော်၊ (၈) ရှင်မဟာသီလဝံသဆုံးမစာ၊ (၉) ရှင်မဟာရဋ္ဌသာရဆုံးမစာ၊ (၁၀) စကားကြီးဆယ်မျိုး (ဤသို့ ခေါင်းစဉ်ဆယ်မျိုး တွဲထားသည့်အတွက် 'ဆယ်စောင်တွဲ' စာအုပ်လို့ ခေါ်ကြပါတယ်။)

အတွင်းမာတိကာမှာ (၁)မင်္ဂလသုတ်၊ (၂)အပြင်အောင်ခြင်း၊ (၃)အတွင်းအောင်ခြင်းမှစပြီး နောက်ဆက်တွဲ မာတိကာ နောက်ဆုံးမှာ အခြေခံပါဠိဖတ်နည်းကို ထည့်သွင်းထားပါတယ်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူခဲ့သော တရားတော်များကို အလွယ်တကူဖတ်ရှုသိလွယ်ရန် စေတနာရည်သန် အပင်ပန်းခံပြီး အခြေခံပါဠိဖတ်နည်းကို ဖော်ပြပေးခဲ့တဲ့ မိဘမေတ္တာ စာပေ အယ်ဒီတာအဖွဲ့ကြီးကို ကျေးဇူးတင်မဆုံးပါဘူး။

သာသနာ့တာဝန်ထမ်း ရဟန်း၊ ကိုရင်၊ သာမဏေများ၊ သီလရှင်ဆရာလေးများ၊ သာသနာပြုပုဂ္ဂိုလ်များ၊ ယောဂီသူတော်စင်များ၊ ယောက်ျား၊ မိန်းမ၊ လူငယ်၊ လူရွယ်များအားလုံး ဖတ်သားနာယူကျင့်ကြံအားထုတ်နိုင်ရန် လမ်းညွှန်ပြသပေးနေသော ဆယ်စောင်တွဲ စာအုပ် ဖြစ်ပါတယ်။

လမ်းညွှန်ပြသမှုများစွာထဲမှ စကားပြောလမ်းညွှန်လေးများကို နမူနာထုတ်ပြပါမယ်။

**မင်္ဂလာတရား (၃၈)ပါးမှ –**

သုဘာသိတာ - ကောင်းစွာ ဆိုအပ်သော၊ ယာဝါစာ - စကားစကားသည်လည်းကောင်း

**လောကနီတိမှ –**

သီတဝါစော - နူတ်ခွန်းချိုသော စကားရှိသော သူသည် ဗဟုမိတ္တော - များသော အဆွေခင်ပွန်းရှိ၏။ ဖရုသော - ကြမ်းကြုတ်သော သူသည် အပ္ပမိတ္တကော - နည်းသော အဆွေခင်ပွန်းရှိ၏။

**ရှင်မဟာသီလဝံသ ဆုံးမစာမှ –**

တရားပေစာ ဟောသောခါလည်း နူတ်မှာမစောင့် တစ်ထောင်စကား တယားယားသည် ရမ်းကားမိုက်မဲ မပြောနှင့်။

မတင့်တယ်ငြား ရန်စကားဖြင့် တွေပြားပွေလီ တစီစီနှင့် တဟီဟီသည် ကျီစား၍လည်း မနေနှင့်။

**ရှင်မဟာရဋ္ဌသာရ ဆုံးမစာမှ –**

တစ်ယောက်စကား တစ်ယောက်နားမှ မခါးရအောင် သတိဆောင်၍ မောင်တို့ဆိုလေ ပျားသကာသို့ ချိုလှစေ။

မတွေ့ခိုက်ရန် မကျူးလွန်နှင့် မျက်မှန်ဒေါသ မထွက်ရအောင် မာန်မာနကို ချုပ်ကြလေ။

သူကိုမမှား မလှည့်စားနှင့် စကားစမြည် မြွက်သည်စစ ပြောသမျှကို မှန်လှစေ။

ရပ်သူ ရွာသား သူကောင်းများအား နားမှာမဆုံ မခန့်မလေး သူမုန်းဆေးလျှင် ဆဲရေးညစ်ညမ်း ကိုယ်လက်နွမ်းအောင် အသွမ်းမကျင့်ကြံလေနှင့်။

နှလုံးသည်ခြေ သနွေလည်တန် မမှန်စကား လူပြစ်မှားဟု အများမဆိုရစေနှင့်။

ကြီးသူတဖြာ ပညာရှိအား သူကောင်းများနှင့် စကားထွေလာ ပြောသောခါလည်း ဗျာဗျာ ကျွန်ုပ် ပဆစ်တုတ်လျက် ဖုံးအုပ်ခြေလက် လွန်ငြိမ်သက်သည် ကျောင်းတွက်လူပေ ဆိုရစေ။

ကျိုးကြောင်းစကား ပြောဆိုငြားသော လျင်လျားဆွေးနွေး ဆိုရေး လိမ်မာ ပညာရှိအား ကိုယ်တိုင်သွား၍ စကားလိုက်လျော စစပြော၍ နှီးနှောလေ။

ရှေးမြန်မာလူကြီးများက စကားပြောလိမ္မာကျွမ်းကျင်ရန် စကားကြီး ဆယ်မျိုးကို ရေးသားပြုစုထားခဲ့ပါတယ်။ မှတ်သားရလွယ်ကူစေရန် သုံးပုံတံချူကျမ်းမှာ မုန်တိုင်ပင်ဆရာတော်က လင်္ကာစီ မှတ်တမ်းတင်ခဲ့ပါတယ်။

(၁) ရေကူးညာတွင်၊ (၂) ကောက်ပင်ရိတ်လှီး၊ (၃) ရေစီးဖောင်ဆန်၊ (၄) အိုတန်ဆန်ခပ်၊ (၅) ဆီပွတ်ကျည်ပွေ့၊ (၆) ဆင်ဝှေ့ရန်ရှောင်၊ (၇) တောင်သူရာခုတ်၊ (၈) ကြက်ဆုတ်ခွပ်ပစ်၊ (၉) ရေစစ်စဉ်အင်၊ (၁၀) ခက်တင်မောင်းနင်း၊ အခြင်းဆယ်ပါး ဤစကားကို မှတ်သားဝမ်းတွင်း လေ့စေမင်း။

**တွင်းသင်းမင်းကြီးရေး ကြောက်ကြီး(၉)လုံး ဆုံးမစာမှ –**

ကိုယ်နှင့်မတန် စကားလွန် မင်းဒဏ်သင့်မည်ကြောက်။

**တောင်ဖီလာဆရာတော်ဆုံးမစာ ခက်စု(၂၄)ပုဒ်မှ –**

သံသာချိုမြွက် စကားခက်

**ဖိုးသူတော် ဦးန စကားပုံမှ –**

အယုတ်တရားကို အလိုမရှိနှင့်၊ မဟုတ်စကားကို မဆိုဘိနှင့်၊ အယုတ်တရားကို အလိုရှိက ဘဂဝါ၏ စကားကို ပယ်ရာကျချေသည်။ မဟုတ်စကားကို ဆိုမိက သမာဓိတရားကို ကွယ်ပရလေသည်။ ထင်တိုင်းလည်း နှိပ်၍ မဆိုနှင့်။ ဝင်တိုင်းလည်း သိပ်၍ မမျိုနှင့်။ ထင်တိုင်းနှိပ်၍ဆိုက ရန်အသွယ်သွယ်ပွားတတ်သည်။ ဝင်တိုင်းသိပ်၍ မျိုက အန္တရာယ်များ တတ်သည်။ စကား စကားပြောဖန်များက စကားထဲက ဇာတိပြ၍ မာနတံခွန် ထူးတတ်သည်။ ဘုရား တရား ဟောဖန်များက တရားထဲက ပါဠိရ၍ ဒါနအလွန် လှူတတ်သည်။ အမျိုးမြတ်မှ အရိုးကြံ့ရသည်။ တန်ခိုးလျှပ်မှ အဖိုးတန်ပါသည်။

ဆယ်စောင်တွဲ စာအုပ်မှ စကားနှင့်ပတ်သက်သော အဖိုးတန် အဆိုအမိန့် လမ်းညွှန်ချက်လေးများပါ။ တစ်အုပ်လုံး ဖတ်ကြည့်လိုက်စမ်းပါ။ တစ်အုပ်လုံး အဖိုးတန် အဆိုအမိန့် လမ်းညွှန်ချက်ပေါင်းများစွာ ရနိုင်ပါသည်။ လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးများ ရသွားနိုင်ပါတယ်လို့ ထပ်ပြီး ပြောချင်ပါသေးတယ်။

အလှူဒါန အသီးသီးရှိကြသည်အနက် တရားအလှူသည်သာလျှင် အမြတ်ဆုံးဖြစ်၏။ ဟုတ်ပါတယ်။ တရားအလှူသည်သာ အမြတ်ဆုံးဖြစ်ပါတယ်။ မိဘမေတ္တာ ဆယ်စောင်တွဲ တရားစာအုပ်အလှူသာ အမြတ်ဆုံးဖြစ်ပါတယ်။ ကဲ, မိဘမေတ္တာ ဆယ်စောင်တွဲ စာအုပ်များ လှူပြီး အမြတ်ဆုံးဖြစ်အောင် လှူကြပါစို့။ တို့များရဲ့ ကျေးရွာရပ်ကွက် ဘုန်းတော်ကြီးကျောင်းတွေကို လှူကြစို့။ (၁၉)နှစ်ကျော် အသက်(၂၀)အတွင်း ရဟန်းခံအပြီး ကြွလာသော ရဟန်းတော်အရှင်သူမြတ်များကို သိမ်ထွက်မှာ လောင်းလှူကြပါစို့။ တို့များရဲ့ မိတ်ဆွေတွေကို ပေးလှူကြပါစို့။ စာကြည့်တိုက်တွေကို ပေးလှူကြပါစို့။ ကျေးရွာရပ်ကွက် ဝတ်အသင်းများကို ပေးလှူကြပါစို့။ ပရဟိတဘုန်းတော်ကြီးကျောင်းများကို လှူဒါန်းကြပါစို့။ လှူဒါန်းကြပါစို့။ လှူဒါန်းကြပါစို့။ လှူဒါန်းကြပါစို့။ ။



## ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

**မင်းဘူး ဇန်နဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် NO.1 ကိုယ်ပိုင်အထက်တန်းကျောင်း (စကု)မှ ဦးဆောင်ကျင်းပသည့် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက မင်းဘူးဦးသြဘာသ မြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မင်းဘူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က အဖွင့်အမှာစကားပြောကြားပြီး စကုမြို့ No.1 ကိုယ်ပိုင်အထက်တန်းကျောင်းတည်ထောင်အုပ်ချုပ်သူ ဆရာကြီးဦးအောင်ပြည့်ဖြိုးက ကျောင်းစတင်တည်ထောင်ဖွင့်လှစ်ခဲ့သည့်နှစ်မှစ၍ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံထူးချွန်ထက်မြက်သော အနာဂတ်ကျောင်းသားလူငယ်များအား နှစ်စဉ် ပြုစုပျိုးထောင်မွေးထုတ်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး စကုမြို့ NO.1 ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက 'မြန်မာ့ကျောင်း'၊ 'ဗုဒ္ဓပူဇနိယ'၊ 'မင်္ဂလာပါ'၊ 'ဖန်ခါးမြေမှ ဖိတ်ခေါ်သံ'၊ 'စကားဝါမြေ'၊ 'အများအတွက် ကြက်ခြေနီ'၊ 'ကင်းထောက်ဂုဏ်ရည်'၊ 'တောင်ယာဝင်ချိန်'၊ 'ထာဝရသစ္စာ'၊ 'အလှကမ္ဘာမြေ' စသည့် တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ပညာရေးစုံညီပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။

ထို့နောက် မင်းဘူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်နှင့် တာဝန်ရှိသူများက အဆိုပါကျောင်းမှ နှစ်ထပ်ကွမ်း လူရည်ချွန်မောင်မယ်များ၊ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများနှင့် ဘက်စုံဖွံ့ဖြိုးရေး ထူးချွန်ဆုရရှိခဲ့သူများ၊ ကြက်ခြေနီ(အခြေခံ) သင်တန်းတွင် ထူးချွန်သင်တန်းသားများ၊ ပထမအကြိမ် တိုင်းဒေသကြီးအဆင့် ကင်းထောက်လူငယ်များ တွေ့ဆုံပွဲတွင် ထူးချွန်ဆုရရှိခဲ့သူများ၊ ကျောင်းဘင်ခရာသင်တန်း ထူးချွန်သင်တန်းသားများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်Grade (10-11-12) အတန်းများအလိုက် စာပေထူးချွန်ဆုရရှိသူများနှင့် ၂၀၂၄ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးအများဆုံးရရှိအောင် သင်ကြားပြသပေးခဲ့သော သင်ကြားရေးထူးချွန်ဆုရ ဆရာ၊ ဆရာမများအားလုံးကို ဂုဏ်ပြုဆုငွေ၊ ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

စကုမြို့ NO.1 ကိုယ်ပိုင်အထက်တန်းကျောင်းကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှ စတင်ပြီး ဖွင့်လှစ်ခဲ့ရာ ယခုအခါ ကျောင်းဖွင့်လှစ်ခဲ့သည့် ၄ နှစ်တာကာလအတွင်း ဆေးတက္ကသိုလ်ကျောင်းသား ၈ ဦး၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ကျောင်းသား ၃ ဦးတို့အပြင် နည်းပညာတက္ကသိုလ်နှင့် အခြားအသက်မွေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများစွာကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးတစ်ဦး၊ ၅ ဘာသာ နှစ်ဦး၊ ၄ ဘာသာ တစ်ဦး၊ ၃ ဘာသာ တစ်ဦး၊ ၂ ဘာသာ သုံးဦးနှင့် တစ်ဘာသာ ၁၀ ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၁၈ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီး အောင်ချက်အနေဖြင့် စုစုပေါင်းဖြေဆိုသူ ၁၀၄ ဦး၊ အောင်မြင်သူ ၈၃ ဦး အောင်ချက်ရာခိုင်နှုန်းအားဖြင့် ၈၀ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ထို့အပြင် ယခုနှစ် တိုင်းဒေသကြီးအဆင့် ဖွံ့ဖြိုးရေးဆုပေါင်း ၁၂ ဆုနှင့် မြို့နယ်အဆင့် ၂၃ ဆုကို ရရှိခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများကို စိတ်ပိုင်းဆိုင်ရာ၊ ကိုယ်ကျင့်တရား၊ စာရိတ္တနှင့် စည်းကမ်းကောင်းမွန်အောင် ဆောင်ရွက်၍ ပညာသင်နှစ်အလိုက် ဘက်စုံထူးချွန် ထက်မြက်အောင် လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၅၀၀)

## အလယ်တန်းဆင့်နှင့် မူလတန်းဆင့် ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ



**ကန့်ဘလူ ဇန်နဝါရီ ၁၉**

စာဖတ်သည့်အလေ့အထများရရှိပြီး အသိပညာဗဟုသုတများ မြင့်မားတိုးတက်လာစေရန်နှင့် နှုတ်မှုရေးရာ အပြောစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ကာ ကန့်ဘလူခရိုင် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုကော်မတီမှ ကြီးမှူးကျင်းပသည့် အလယ်တန်းဆင့်နှင့် မူလတန်းဆင့် ပုံပြင်ပြောပြိုင်ပွဲကို ဇန်နဝါရီ ၁၆ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က ပြိုင်ပွဲများကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် အမှတ်ပေးစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကိုဆက်လက်ကျင်းပရာ မူလတန်းဆင့် ကျောင်းသား၊ ကျောင်းသူများက မိမိကြိုက်နှစ်သက်သည့်(ပညာနှင့်ပတ်သက်သောပုံပြင်)ခေါင်းစဉ်များဖြင့် ပြိုင်ပွဲကို ကျောင်းသား၊ ကျောင်းသူ ၃၃ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ မွန်းလွဲပိုင်းတွင် အလယ်တန်းဆင့် ပုံပြင်ပြောပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူ ၂၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား ဇန်နဝါရီ ၁၈ ရက်တွင်ကျင်းပမည့် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုများပေးအပ်မည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ကန့်ဘလူမြို့ပေါ်ရှိ အခြေခံပညာကျောင်း ၇ ကျောင်းနှင့် ကိုယ်ပိုင်ကျောင်း ၂ ကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများတက်ရောက်ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၀)

* – * – * – * – *

## တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေး

**နမ့်စန် ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲက အမှတ်(၂)ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(နမ့်စန်)သရဖီခန်းမတွင် ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပင်လုံတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာနီလာမြင့်က တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ပင်လုံတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာနီလာမြင့်နှင့် ဘာသာရပ်ဌာနအလိုက် ပါမောက္ခများ၊ ဒုတိယပါမောက္ခများနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများကို ဘာသာရပ်များအလိုက် အခန်း ၅ ခန်းခွဲ၍ တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး ဆွေးနွေးခဲ့ကြသည်။



အဆိုပါအောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး မြို့နယ်ပညာရေးမှူး ဦးဇင်မင်းထွန်းနှင့် လက်ထောက်မြို့နယ် ပညာရေးမှူးများ၊ အခြေခံပညာအထက်တန်းကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းတို့မှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ အထက(နမ့်စန်)၊ အထက(မြို့မ)၊ အထက(ဟိုက်ဖတ်)၊ အထက(မိုင်းစိတ်)၊ အထက-ခွဲ ၅ ရပ်ကွက်၊ အထက-ခွဲ(လေတပ်)၊ အထက-ခွဲ(လွိုင်ငင်းကြီး)၊ အထက-ခွဲ(လွယ်ယင်း)နှင့် အထက-ခွဲ (မြို့ဦး)တို့မှ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၉၅ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

* – * – * – * – *

## နွေနှမ်းဧက ၁၀၁၈ ဧက လျာထားစိုက်ပျိုးမည်



**မကွေး ဇန်နဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်တွင် နွေရာသီတွင် နွေနှမ်းစိုက်ဧက ၁၀၁၈ ဧကအား လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ရေနံချောင်းမြို့နယ်သည် စိုက်ပျိုးရေးကို အဓိကထား၍ လုပ်ကိုင်လျက်ရှိရာ ပဲမာမျိုးစုံအပြင် ဆီထွက်သီးနှံ နှမ်း၊ မြေပဲ၊ နေကြာကိုလည်း သီးခြားစိုက်ပျိုးခြင်း၊ သီးညှပ်စိုက်ပျိုးသည့်အပြင် သီးထပ်စိုက်ပျိုးကြသည်။ စားသုံးဆီဖူလုံရေးအပြင် တိုးတက်လာသော စားသောက်ကုန်ထုတ်လုပ်ရာတွင် နှမ်းကို စားသောက်ကုန်မုန့်မျိုးစုံအဖြစ် ထုတ်လုပ်ရောင်းချကြပြီး သီးနှံကို တင်ပို့ရောင်းချခြင်းဖြင့် တောင်သူများအတွက် အကျိုးအမြတ် ရရှိနေကြသည်။

၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတစ်နှစ်အတွင်း၌ ဆီထွက်သီးနှံ နှမ်းစိုက်ပျိုးမှုတွင် မိုးရာသီ၊ ဆောင်းရာသီတွင်နှမ်းစိုက်ဧက၂၃၆၁၂ဧက၊ စိုက်ပျိုးခဲ့ပြီး မိုးရာသီ၌ နှမ်းဧက ၂၃၃၅၀ ဧက ရိတ်သိမ်းခဲ့ပြီး နှမ်းတင်းပေါင်း ၁၀၄၉၈၅ တင်းထွက်ရှိကြောင်း၊ ၎င်းအပြင် နွေရာသီ၌ နွေနှမ်းဧက ၁၀၁၈ လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စာရင်းအရ သိရသည်။

(အပေါ်ဝဲပုံ)

(၄၇၂)




# မန္တလေးဒေသကောလိပ်ဆင္ဌမအကြိမ် All Regional အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ညှိနှိုင်းဆွေးနွေး

**မန္တလေး ဇန်နဝါရီ ၁၉**

မန္တလေးဒေသကောလိပ် ဆဌမအကြိမ်All Regional အာစရိယပူဇော်ဖြစ်မြောက်ရေး ညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီက မဟာအောင်မြေမြို့နယ်၊ ၄၁လမ်းရှိ KMC ကိုယ်ပိုင်အထက်တန်းကျောင်းခန်းမတွင် မန္တလေးဒေသကောလိပ်ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖောင်ဒေးရှင်းနာယကကြီးများ ဦးဆောင်မှုဖြင့် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ဆဌမအကြိမ်All Regional အာစရိယပူဇော်ပွဲကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ လမ်း၃၀၊ ၈၂လမ်းနှင့် ၈၃ လမ်းကြားရှိ ဖုကျင့်ဗုဒ္ဓဘာသာဘုရားကျောင်းခန်းမတွင် ကျင်းပသွားမည်ဖြစ်ပြီး အာစရိယပူဇော်ပွဲဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းကော်မတီ၊ ကန်တော့ခံဆရာ၊ ဆရာမကြီးများ စာရင်းပြုစုရေးနှင့် ဖိတ်ကြားရေးကော်မတီ၊ အာစရိယပူဇော်ပွဲအခမ်းအနား ကျွေးမွေးဧည့်ခံရေး လုပ်ငန်းကော်မတီ၊ ဆရာ၊ ဆရာမကြီးများကြိုဆို၊ ပို့ဆောင်ရေးလုပ်ငန်းကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းကော်မတီ၊ ဖျော်ဖြေရေးလုပ်ငန်းကော်မတီတို့မှ ကဏ္ဍအလိုက် အကြံပြု ဆွေးနွေးကြသည်။

ဆက်လက်၍ Batch အသီးသီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းကိုယ်စားလှယ်များကလည်း အလှူငွေလက်ခံရရှိမှုများကို တင်ပြကြသည်။ အာစရိယပူဇော်ပွဲနှင့်အတူ Gathering Lunch Partyကို ကျင်းပမည်ဖြစ်ပြီး GLP တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် လက်မှတ်တစ်စောင် ငွေကျပ် ၂၅၀၀၀ နှုန်း သတ်မှတ်အတည်ပြုခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

(၀၄၅)

# နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**မိုင်းယောင်း ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေက အမှာစကားပြောကြား၍ မြို့နယ်စစ်ကြောင်းကြီး (၅)ကြောင်းနှင့် မြို့နယ် မီးခိုးမြူငွေ့လျှော့ချရေး ကွင်းဆင်းအဖွဲ့မှ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် စာရေးများ၊ ကျေးရွာတာဝန်ခံများ၊ မြို့ပေါ်လုံခြုံရေးအဖွဲ့များ စုစုပေါင်း အင်အား ၅၀၀ ဦးက ဒေသဖွံ့ဖြိုးရေး၊ ပြည်သူ့စစ်မှုထမ်း၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက နိဂုံးချုပ်စကားပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့်အဖွဲ့သည် မြို့နယ်မီးသတ်ဦးစီးဌာနရုံးနှင့်ဝမ်ဘိုးကျေးရွာအုပ်စု ဖကျောက်ကျေးရွာ၌ မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြပွဲ နှင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့လျှော့ချရေး EM ဘိုကာရှီ အသုံးပြုနည်းလက်တွေ့သရုပ်ပြပွဲအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

(၅၀၅)

၀-၀-၀-၀-၀-၀-၀



# ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မိုင်းယန်း ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် နမ့်မုတ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းကတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးကျော်သန့်ဇင်၊ ဒုတိယညွှန်ကြားရေးမှူး-နည်းပညာ မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့်ခရိုင်၊ မြို့နယ်အင်ဂျင်နီယာများမှ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ နမ့်မုတ်ကျေးရွာ ကုန်ထုတ်လမ်းတစ်မိုင်အကျယ် ၁၂ ပေ၊ မြေသားတစ်ပေထုခင်းခြင်းနှင့် သဲမြုန်းကိုးလက်မကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးကျော်သန့်ဇင် ဒုတိယညွှန်ကြားရေးမှူး-နည်းပညာက ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများကို ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။



အဆိုပါ ကုန်ထုတ်လမ်းတစ်မိုင်ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၇၃သန်းဖြင့် Ester Akha Lay ကုမ္ပဏီမှ တင်ဒါအောင်မြင်၍ ဇွန်လစတုတ္ထအပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၁၀၀ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ အဆိုပါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး၍ နမ့်မုတ်ကျေးရွာရှိ တောင်သူများ လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရန်ကျော်ထံက သိရသည်။**(အောက်ဝဲပုံ)**

(၀၄၀)

# အခြေခံပညာအလယ်တန်းဆင့် Grade 9 အရည်အသွေးမြှင့် (ခရိုင်ဆင့်) ဆွေးနွေးပွဲ ကျင်းပ

**ကျိုင်းတုံ ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာ အလယ်တန်းဆင့် Grade 9 အရည်အသွေးမြှင့် (ခရိုင်ဆင့်) ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၈ ရက်တွင် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကျိုင်းတုံခရိုင်ပညာရေးမှူး ဒေါ်စန်းစန်းအေးက အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မျိုးနိုင်က အခြေခံပညာ အလယ်တန်းဆင့် Grade-9 သင်ကြား၊ သင်ယူမှုလုပ်ငန်းများ ထိရောက်အောင်မြင်စေရေးအတွက် ဆရာ၊ ဆရာမများ၏ အရည်အသွေးကို မြှင့်တင်နိုင်ရန် ရည်ရွယ်၍ ဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ဆွေးနွေးပွဲ တက်ရောက်လာသည့် ဆရာ၊ ဆရာမများအား ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ကျိုင်းတုံခရိုင်အတွင်း မြို့နယ်များရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ဆရာ၊ ဆရာမ ၁၅၄ ဦး တက်ရောက်ပြီး ဇန်နဝါရီ ၁၈ ရက်မှ ၂၁ ရက်ထိ ပို့ချဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

၀-၀-၀-၀-၀



# မီးဘေးအန္တရာယ်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်

**ရေနံချောင်း ဇန်နဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်အတွင်း ပွင့်လင်းရာသီရောက်လာပြီဖြစ်သည့်အတွက် မီးဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် ရေနံချောင်းမြို့နယ်မီးသတ်ဦးစီးဌာနမှ (အပတ်စဉ်)မီးသတိမူရေး လှည့်လည်ဆော်သြခြင်း၊ မီးစစ်ဆေးခြင်းအား ရပ်ကွက်နှင့်ကျေးရွာများသို့ ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရေနံချောင်းမြို့နယ် မီးသတ်ဦးစီးဌာန၊ ဦးစီးမှူးဦးကြည်စိုးဟန်နှင့် သန္တေမီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်နိုင်ရေး ဟောပြောသရုပ်ပြသခြင်း၊ လူနေအိမ်များတွင် လျှပ်စစ်ဝါယာကြိုးများ ဟောင်းနွမ်းပေါက်ပြဲခြင်း ရှိ၊ မရှိ၊ ချက်ပြုတ်ပြီးသည့် မီးဖိုများ၌ မီးကြွင်းမီးကျန် ရှိ၊ မရှိ၊ မီးသတ်ဆေးဘူးများ ထားရှိခြင်း ရှိ၊ မရှိ၊ မီးချိတ်၊ မီးကပ်များပြင်ဆင်ထားရှိမှု ရှိ၊ မရှိစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(ဝဲပုံ)**

(၄၇၂)



❖ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များသည် ခိုင်မာသည့်ဈေးကွက်ရှိပြီးဖြစ်...

❖ နိုင်ငံစားရေရိက္ခာကို အထောက်အကူပြုစေနိုင်သကဲ့သို့ ပြည်ပသို့ပို့ကုန်များ ပိုမိုတင်ပို့နိုင်သောကြောင့် ပြည်ပဝင်ငွေများ ပိုမိုရရှိစေမည်ဖြစ်...

❖ ထို့ကြောင့် ငွေကြေးတတ်နိုင်သည့် လုပ်ငန်းရှင်များအနေဖြင့် သေချာသည့် လုပ်ငန်းများဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြစေလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၃/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ထုတ်ကုန်ပစ္စည်းများ အမြောက်အမြားထုတ်လုပ်နိုင်ရေးအတွက် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးရမည်

နေပြည်တော် ဇန်နဝါရီ ၁၉

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၌ အဆိုပါဌာနမှ ဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီး ဦးစီးဌာနမှူးက တိုင်းဒေသကြီးအတွင်းရှိ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု၊ မကွေးစက်မှုဇုန်တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ပါဝင်ပြသ၊ ယှဉ်ပြိုင်မည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရှိ ဝန်ထမ်းများကို အမှာစကားပြောကြားစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) တွင် MSME ကဏ္ဍမှ ပါဝင်မှုရာခိုင်နှုန်းကို တွက်ချက်ထားရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုတိုးတက်လျှင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ထုတ်ကုန်ပစ္စည်းများ အမြောက်အမြား ထုတ်လုပ်နိုင်ရေးအတွက် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် နည်းပညာရရှိရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးအရင်းအနှီးရရှိရေးတို့ကို စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နည်းပညာရရှိရေးအတွက် စက်မှုလုပ်ငန်းများနှင့် တက္ကသိုလ်များ ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSME များသည် ဒေသတွင်းရှိ ပြည်သူများကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သဖြင့် ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်၍ အမှန်တကယ်ဖွံ့ဖြိုးတိုးတက်အောင် လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်မြို့၌ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ MSME များမှ ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသရောင်းချနေမှုကို လှည့်လည်အားပေးကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်၊ ပွဲကောက်ရေတံခွန်နှင့် အထင်ကရနေရာများသို့ အပန်းဖြေအနားယူလည်ပတ်လျက်ရှိ



**ပြင်ဦးလွင် ဇန်နဝါရီ ၁၉**

မြန်မာနိုင်ငံတွင် သဘာဝအခြေခံခရီးစဉ်နေရာများစွာရှိပြီး ခရီးစဉ်အသစ်များ၊ ခရီးသွားမှုပုံစံအသစ်များကို ပြည်တွင်းပြည်ပခရီးသွားများအတွက် တီထွင် ကြံဆဖန်တီးလျက်ရှိပြီး ပြင်ဦးလွင်မြို့တွင် သဘာဝအလှအပရှုခင်းများကို ကြည့်ရှုရင်း အေးချမ်းပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်မည့်နေရာများသို့ ပြည်တွင်းပြည်ပခရီးသွား ဧည့်သည်များ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေလည်ပတ်အနားယူလျက်ရှိသည်။

မြန်မာနိုင်ငံ၏ အထိမ်းအမှတ် Landmark တစ်ခုဖြစ်သည့် ပြင်ဦးလွင်မြို့ရှိ အမျိုးသား ကန်တော်ကြီးဥယျာဉ်၏ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်(၁၇)ကြိမ်မြောက်

စာမျက်နှာ ၅ သို့ ❖

## ISPE အသင်းထံမှ တစ်မှတ် ခွဲယူနိုင်ခဲ့သည့် မြဝတီအသင်း

ယနေ့ ညနေက သုဝဏ္ဏကွင်း၌ ကစားခဲ့သည့် ISPE အသင်းနှင့် မြဝတီအသင်းတို့ပွဲစဉ်သည် ဂိုးမရှိ သရေဖြင့် ပြီးဆုံးခဲ့သည်။

ယနေ့ပွဲစဉ်တွင် မြဝတီအသင်းသည် ISPE အသင်းဘက်သို့ အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့ပြီး ဂိုးရရှိမည့် အခွင့်အရေးများလည်း ရခဲ့သည်။ အလားတူ ISPE အသင်းသည်လည်း ဂိုးရနိုင်မည့် အခွင့်အရေးများ ရခဲ့သော်လည်း ဂိုးအဖြစ် မပြောင်းနိုင်သည့်အတွက် ဂိုးမရှိ သရေကျခဲ့ခြင်း ဖြစ်သည်။

မြဝတီအသင်းသည် နည်းပြချုပ်အသစ် ဦးမင်းကြည် ပထမဆုံးကိုင်တွယ်ခဲ့သည့်ပွဲ၌ပင် သရေတစ်မှတ် ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(NGB)

